မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်၊ ၂၀၀၅ ခုနှစ်၊ မေ ၁၉ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၂)၊ အမှတ်(၂၂၈)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဩစတြေးလျ ဓနသဟာယ နိုင်ငံသံအမတ်ကြီးမစ္စတာ ရောဘတ်ဂျိုးဇက်(ဖ်)ဒေးဗစ်(စ်)က ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်သို့သွားရောက်၍သံအမတ်ခန့်အပ်လွှာ ပေးအပ်စဉ်။(သတင်းစဉ်)



နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျ ဓနသဟာယနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

ရန်ကုန် မေ ၁၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဩစတြေးလျဓနသဟာယနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ ရောဘတ်ဂျိုးဇက်(ဖ်)ဒေးဗစ်(စ်)သည် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်သို့ သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကိုပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးကျော်သူနှင့် ဦးမောင်မြင့်၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဩစတြေးလျ ဓနသဟာယနိုင်ငံ သံအမတ်ကြီး မစ္စတာ ရောဘတ်ဂျိုးဇက်(ဖ်)ဒေးဗစ်(စ်)အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)



နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

19-5 (01).p65 1 3/24/05, 2:28 PM

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော်

(၂၀၀၅ ခုနှစ်၊ မေလ ၁၉ ရက်)

အခြေခံကောင်းများကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံဖြင့် လက်တွဲ ပူးပေါင်းဆောင်ရွက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ရေမြေသယံဇာတ ပြည့်စုံကောင်းမွန်မှု၊ အလုပ်လုပ်နိုင်စွမ်းအားရှိသည့် လူဦးရေတည်ရှိမှု၊ ပညာတတ်လူ့အရင်းအမြစ်နှင့် စီးပွားရေးလုပ်ငန်းအရင်းအမြစ် ခိုင်မာမှု၊ ရပ်ရွာအေးချမ်းတည်ငြိမ်မှု စသည့် ဖွံ့ဖြိုးတိုးတက်ရေး အခြေခံကောင်းများ ပြည့်စုံသည့် နိုင်ငံဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ဖွံ့ဖြိုးတိုးတက်နေသည့် ဒေသများ၊ ဖွံ့ဖြိုးတိုးတက်ဆဲဒေသများသာမက အကြောင်းအမျိုးမျိုးကြောင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေသည့် ဒေသများပါမကျန် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး ကွက်ပြည့်ဖွံ့ဖြိုးတိုးတက်လာရေး၊ ဒေသတစ်ခုနှင့်တစ်ခုအကြား စီးပွားရေးအခွင့်အလမ်း၊ လူမှုရေးအခွင့်အလမ်း ကွာဟနေမှုများ ပပျောက်ရေး၊ တိုင်းရင်းသားပြည်သူအားလုံး လူနေမှုဘဝ ပြည့်စုံလုံခြုံရေး တို့အတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုများနှင့်အညီ ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့ကျကျ အကောင်အထည်ဖော်လျက် ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် မေလ ၁၄ရက်နေ့က ဧရာဝတီတိုင်း ပုသိမ်ခရိုင် သာပေါင်းမြို့နယ်တွင် တည်ဆောက်ဖွင့်လှစ်ခဲ့သည့် တစ်နေ့ တန်(၂၀၀) ပျော့ဖတ်စက်ရုံ (သာပေါင်း) ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင်–

> **"တိုင်းရင်းသားပြည်သူအားလုံးသည် မိမိတစ်ဦးချင်း၏ စီးပွားရေးအခြေအနေနှင့် မိမိနယ်မြေ၏ စီးပွားရေး အခြေအနေတို့ကို တိုးတက်သည်ထက် တိုးတက်အောင် ကြိုးစားနေခြင်းသည် နိုင်ငံတော်၏ အမျိုးသားစီးပွားရေးဘဝ တိုးတက်မြင့်မားအောင် တစ်ပြိုင်တည်း ဆောင်ရွက်နေခြင်း ဖြစ်သည်ဟု ဆက်စပ်ခံယူနိုင်ကြရမှာဖြစ်ကြောင်း၊ အတ္တနှင့်ပရ အကျိုးစီးပွားကို မျှတစွာ ဆောင်ရွက်နိုင်ရမှာ ဖြစ်သကဲ့သို့ ပြည်နယ်၊တိုင်း ဒေသတစ်ခုချင်း၏ အကျိုးစီးပွားနှင့် ပြည်ထောင်စုကြီးတစ်ရပ်လုံး၏ အကျိုးစီးပွားကို သဟဇာတဖြစ်အောင် ဆောင်ရွက်နိုင်ကြရမှာ ဖြစ်ကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ် အရင်းခံဖြင့် ဒေသအလိုက် ကြံစည်ကြိုးစား လုပ်ကိုင်ကြရမှာ ဖြစ်ကြောင်း"**

ပြောကြားသွားသည်။

နိုင်ငံတော်၏ စီးပွားရေးအခြေအနေသည် တစ်နှစ်ထက်တစ်နှစ် တိုးတက်မြင့်မားလျက်ရှိသည်။ ပြည်နယ်နှင့်တိုင်းအားလုံးသည် တစ်ချိန်တည်း၊ တစ်ပြိုင်တည်းတွင် အတူယှဉ်တွဲလျက် ဖွံ့ဖြိုးတိုးတက်လာနေပြီဖြစ်သည်။ ငြိမ်းချမ်းမှု၊ တည်ငြိမ်မှု၊ ပူးပေါင်းဆောင်ရွက်မှု၊ ဖွံ့ဖြိုးတိုးတက်မှုများသည် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအနှံ့ ပေါ်ထွန်းလျက်ရှိပေသည်။

တိုင်းရင်းသားအချင်းချင်း အပြန်အလှန် ယုံကြည်မှု၊ နားလည်မှု၊ ပူးပေါင်းဆောင်ရွက်မှု အခြေခံများရရှိပြီးအမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးသည်လည်း ပိုမိုအားကောင်း ခိုင်မာလာနေပြီ ဖြစ်သည်။ ယုံကြည်မှု၊ နားလည်မှု၊ ပူးပေါင်းမှု ခိုင်မြဲလာသည်နှင့်အမျှ လက်နက်စွဲကိုင်ထားသည့် တိုင်းရင်းသား အဖွဲ့အစည်းအချို့သည်လည်း ယခုအခါငြိမ်းချမ်းရေးနှင့်လက်နက်ကို အပြီးအပိုင်လဲလှယ်ပြီး ထာဝရငြိမ်းချမ်းရေးကို စိုက်ထူနေကြပြီ ဖြစ်သည်။ ထို့အပြင် နိုင်ငံတော်၏ ဦးစီးဦးဆောင်မှုအောက်တွင် တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများလည်းရရှိနေကြပြီ ဖြစ်သည်။

တိုင်းရင်းသားပြည်သူအားလုံး ထိုအစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန်၊ ဒီမိုကရေစီနိုင်ငံတော်အဖြစ် ချောမွေ့ညင်သာစွာ အသွင်ကူးပြောင်းပြီး မိမိနိုင်ငံ၊ မိမိလူမျိုးနှင့် ဆီလျော်ကိုက်ညီသည့် ဒီမိုကရေစီလူမှုဘဝကို ထိုက်ထိုက်တန်တန် တည်ဆောက်နိုင်စေရန် စည်းလုံးညီညွတ်စွာဖြင့် ဆက်လက်ကြိုးပမ်းသွားကြရမည် ဖြစ်ပေသည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံကောင်းများကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရာ၌တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်အရင်းခံဖြင့် နိုင်ငံတော်နှင့် လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီးဗိုလ်ချုပ်စောထွန်း စစ်တောင်းတံတား (မုပ္ပလင်)တည်ဆောက်ရေး လုပ်ငန်းခွင်စစ်ဆေး လုပ်ငန်းများကိုတင်တွက်ဆပြီး တစ်ဆက်တစ်စပ်တည်း ဆောင်ရွက်ရေးမှာကြား

ရန်ကုန် မေ ၁၈

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်းသည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းလိုက်ပါလျက် မေ၁၆ရက်နံနက်ပိုင်းက ရန်ကုန်မြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာပြီး ရန်ကုန်–မန္တလေးလမ်း ခြောက်လမ်းသွားအပိုင်း မိုင်တိုင်(၈/၁)၌ စက်ယာဉ်ယန္တရားများဖြင့် မျက်နှာပြင်ထပ်ပိုးလွှာ ကတ္တရာကွန်ကရစ်ခင်းကြိတ်နေသည့် လုပ်ငန်းခွင်သို့ရောက်ရှိရာ လုပ်ငန်းခွင်၌ လမ်းအထူးအဖွဲ့(၁၅) အင်ဂျင်နီယာမှူးက လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဝန်ကြီးကခြောက်လမ်းသွားအပိုင်းနှစ်လမ်းသွား ကတ္တရာ ကွန်ကရစ်ခင်းကြိတ်ခြင်းလုပ်ငန်းကို ပုံမှန်အတိုင်း ဆက်လက်ဆောင်ရွက်သွားရန်၊ အများဆုံးပျက်စီးသည့် အပိုင်းများကို ဦးစားပေးဆောင်ရွက်ရန်တို့ကို မှာကြား၍ လိုအပ်ချက်များအပေါ်ဖြည့်ဆည်းပေးသည်။ ယခုအခါ လှည်းကူးမြို့နယ်အပိုင်းတွင် နှစ်လမ်းသွားကတ္တရာ ကွန်ကရစ်ခင်း ခြင်းလုပ်ငန်းတစ်မိုင် သုံးဖာလုံ ပြီးစီး၍ ဆက်လက်ဆောင်ရွက်ဆဲ ဖြစ်သည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဆက်လက် ထွက်ခွာခဲ့ပြီးစစ်တောင်းတံတား(မုပ္ပလင်)တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိ၍ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။ စီမံကိန်း ရှင်းလင်းဆောင်၌ တံတားတည်ဆောက်ရေး တာဝန်ခံ အင်ဂျင်နီယာမှူး ဦးကျော်လင်းက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများနှင့် တံတားချဉ်းကပ်လမ်း လမ်းအူကြောင်းအခြေအနေများကို ဝန်ကြီးအား ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ဝန်ကြီးကလုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ငန်းတစ်ခုပြီးမှ တစ်ခုဆောင်ရွက်ခြင်းမျိုး မပြုလုပ်ဘဲကြိုတင်တွက်ဆ၍ တစ်ဆက်တစ်စပ်တည်း လုပ်ငန်းများပြီးမြောက်အောင် အဖွဲ့များခွဲ၍ ဆောင်ရွက်ရန်၊ ချဉ်းကပ်လမ်းလုပ်ငန်းများဆောင်ရွက်ရာတွင် မြေဖြတ်ခြင်း၊မြေဖို့ခြင်းလုပ်ငန်းများကို အနည်းဆုံး လိုအပ်ချက်အတိုင်းဆောင်ရွက်နိုင်ရန် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းပုံထုတ်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရန်တို့ကိုမှာကြားပြီး လုပ်ငန်းလိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တံတားခံနိုင်ဝန်

စစ်တောင်းတံတား(မုပ္ပလင်)သည် ပင်မတံတား သံမဏိသံပေါင်အမျိုးအစား အရှည်၁၃၆၅ပေ၊ ချဉ်းကပ်တံတားမှာ သံမဏိရက်မနှင့် သံကူကွန်ကရစ်ရက်မအမျိုးအစား ဝေါဘက် ကမ်းအရှည် ၇၈၄ဒသမ၁ပေ၊ မုပ္ပလင်ဘက်ကမ်းအရှည် ၂၄၃ဒသမ၆ပေစုစုပေါင်းတံတားအရှည်မှာ ၂၃၉၂ဒသမ၇ပေ ဖြစ်၍ ယာဉ်သွားလမ်းအကျယ် ၂၈ပေနှင့်ခြောက်ပေအကျယ် လူသွားလမ်းနှစ်ဖက်ပါရှိသည်။တံတားခံနိုင်ဝန်မှာ ခွင့်ပြုအလေးချိန် တန်၆၀ ဖြစ်သည်။

ယခုအခါ မုပ္ပလင်ဘက်ကမ်း ချဉ်းကပ်တံတားဘိုးပိုင်လုပ်ငန်းများနှင့် ကမ်းကပ်ခုံလုပ်ငန်းများ ပြီးစီး၍ ဝေါဘက်ကမ်း၌ဘိုးပိုင်တူးခြင်းလုပ်ငန်းများစတင်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မေ ၉ရက်က လှိုင်မြို့နယ် အမှတ်(၁၄)ရပ်ကွက်အတွင်းရှိ နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို လှိုင်မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ရန်ကုန်တိုင်းဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးတင်အောင်နှင့် အနောက်ပိုင်းခရိုင် ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးဦးခင်စိုးတို့ ကြည့်ရှုစစ်ဆေးစဉ်။(က–ပ)

မြဝတီရုပ်မြင်သံကြား

၁၉–၅–၂၀၀၅
(ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄း၂၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄း၄၅ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
- ၄း၅၅ ၈။ မျိုးချစ်တပ်မတော်
- ၅း၀၅ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် The Olympic Game (ဒုတိယနှစ်–အထူးပြုအားလုံး)
- ၅း၃၅ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅း၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၄။ မိုးလေဝသသတင်း
- ၆း၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၃၅ ၁၆။ **"ထူးခြားသော ကလေးငယ်"** ကာတွန်းဇာတ်လမ်း(အပိုင်း–၄၉)
- ၆း၅၀ ၁၇။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ကျောက်မဖြစ်တဲ့ နှလုံးသား ရုပ်ကြွင်း"** (အပိုင်း–၁၈)
- ၈း၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၁။ မြဝတီရဲ့ မြဝတီ
- ၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ချစ်သူသူရဲကောင်း"** (အပိုင်း–၉)



လာရောက်တွေ့ဆုံ

ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား အိန္ဒိယ သမ္မတနိုင်ငံ နယူးဒေလီမြို့ The Printers House (P) Ltd. မှ အထွေထွေမန်နေဂျာ Mr. Yogesh M.Kharbanda နှင့် အဖွဲ့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား The Printers House (P) Ltd. မှ အထွေထွေမန်နေဂျာ လာရောက်တွေ့ဆုံ

ရန်ကုန် မေ ၁၈

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ရန်ကုန်မြို့တွင်ရောက်ရှိနေသော အိန္ဒိယ သမ္မတနိုင်ငံ နယူးဒေလီမြို့ The Printers House (P) Ltd.မှ အထွေထွေမန်နေဂျာ Mr.Yogesh M.Kharbanda နှင့်အဖွဲ့သည် ယနေ့မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ခေတ္တ ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးအောင်ငြိမ်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘိုကြည်၊ ရုံးအဖွဲ့မှူး ဦးရဲတင့်နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

အင်အားတည်ဆောက်ခြင်းသည်သာ အဖြေပါ

* သူ့မမှီခို၊ ကိုယ့်အလိုများ
ကိုယ့်အားကိုယ်ကိုး၊ စုံပြည့်ဖြိုးအောင်
ကြံဆောင်အားထုတ်၊ ပြုလုပ်နေတာ
မြင်ရပါက၊ သူ့မှာမကြည်
ဆောက်တည်မရ၊ မြင်သမျှကို
ဖျက်ချချင်တာ၊ သူ့ဝါသနာ။

* သူ့ကိုမှီခို၊ ကိုယ့်အလိုများ
ဖြည့်ဆည်းသွား၍၊ ကိုယ့်အားကိုယ့်အင်
စည်ပင်လာက၊ ကိုယ့်ဆန္ဒကို
သူ့အလိုကျ၊ လုပ်မှသူကြိုက်
သူ့စရိုက်ဟာ၊ ဒီလိုပါ။

* **မမှီရင် တွယ်မယ်
မှီရင် ခြယ်လှယ်**
ဒီနှယ်စိတ်ထား၊ ရှိသူများကို
အားထားထိုက်သလား၊ ပိုင်းခြားဝေဖန်
စဉ်းစားရန်ပင်မလို၊ အလိုလိုသိ
ကိုယ်၏အင်အား၊ အိမ်သားတစ်စု
ညီညွတ်မှုဖြင့်၊ ကြီးထုကြွံခိုင်
တည်ဆောက်နိုင်မှ၊ ဒို့ဘဝသည်
စစဖူလုံ၊ လုံခြုံစိတ်ချ
အေးချမ်းရမှာ၊ သေအချာမို့
ခိုင်မာလက်တွဲ၊ ဇွဲနပဲဖြင့်
အားခဲလုပ်စို့၊ ညီနောင်တို့။ ။

မေရှု

ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ကဆုန်ညောင်ရေသွန်းပွဲတော်ကျင်းပမည်

ရန်ကုန် မေ ၁၈

ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်ကြီးတွင် ၁၃၆၇ ခုနှစ် ကဆုန်လပြည့်(ဗုဒ္ဓနေ့) မေ ၂၂ရက်(တနင်္ဂနွေနေ့)နံနက်ပိုင်းတွင် ကဆုန်ညောင်ရေသွန်းပွဲတော် ဖွင့်ပွဲအခမ်းအနား ကျင်းပပြီး ယင်းနေ့တွင် နံနက်ပိုင်းမှ ညပိုင်းအထိ ဗုဒ္ဓဘာသာဝင်အပေါင်း ကဆုန်ညောင်ရေ သွန်းလောင်း ပူဇော်နိုင်ရန် ဗောဓိပင်၌ အမွှေးနံ့သာ၊ အောင်သပြေ၊ တာအိုး၊ ဖယောင်းတိုင်၊ အမွှေးတိုင်များ စီစဉ်ထားမည်ဖြစ်ပြီး ကဆုန်လပြည့်(ဗုဒ္ဓနေ့) ကဆုန်ညောင်ရေသွန်းပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဟု သိရသည်။ **(က-ပ)**

ပညာရေးဝန်ကြီးဌာန

ကျောင်းအပ်နှံရေးသီတင်းပတ်

မေလ၏နောက်ဆုံးသီတင်းပတ်

ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး

ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး

လူငယ်ယဉ်ကျေးမှု သင်တန်းဖွင့်မည်

ရန်ကုန် မေ ၁၈

လူငယ်များအတွက် ထေရဝါဒဗုဒ္ဓအဆုံးအမများနှင့်အညီ ဘဝနေနည်း အတွေးသစ်၊အမြင်သစ်များမှန်ကန်တိုးတက်ပြီးကိုယ်ကျင့်တရားကောင်းများ မွေးမြူကျင့်ကြံတတ်စေရန် ရည်ရွယ်၍ လူငယ်ယဉ်ကျေးမှုသင်တန်းကို မြန်မာ့ယဉ်ကျေးမှုဆိုင်ရာ လူမှုဆက်ဆံရေး၊ ကျန်းမာရေး၊ ဆင်ယင်ထုံးဖွဲ့မှုစသော ဘာသာရပ်များဖြင့် အဓိကထား ပို့ချပေးမည်ဖြစ်သည်။

သင်တန်းကို ဇွန် ၁၃ရက်မှ ၂၄ရက်အထိ နံနက် ၈နာရီမှ ၁၁နာရီအတွင်း ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်ရှင်သာမဏေဓမ္မဗိမာန်၌ ဖွင့်လှစ်မည်ဖြစ်ပြီး အသက်(၁၅)နှစ်မှ(၂၇)နှစ်အတွင်းရှိ သင်တန်းသားများကိုသာ လက်ခံမည်ဖြစ်သည်။သင်တန်းတက်ရောက်လိုသူများသည် ဇွန် ၁ရက်မှစ၍ လျှောက်ထားနိုင်ကြောင်းနှင့် သင်တန်းသားဦးရေ ကန့်သတ်ထား၍ ဖုန်း-၃၈၇၃၆၁ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

မေ ၂၄ ရက်က ရွှေပြည်သာမြို့ နယ် ၅/၈ ရပ် ကွက် တွင် လောက အမြင် ကိုယ့်အားကိုယ် ကိုး စာကြည့် တိုက် ဖွင့် ပွဲ ကျင်း ပ ရာ မြို့နယ်ရဲတပ်ဖွဲ့ မြို့ နယ် မှူး ဒုတိယ ရဲမှူး ရွှေပို၊ မြို့နယ် ပြန်ကြားရေးနှင့်

ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မြအေးနှင့် စာကြည့်တိုက်ဥက္ကဋ္ဌ ဦးထွန်းရွှေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ကြစဉ်။

(က-ပ)

မြန်မာ့ရုပ်မြင်သံကြား

၁၉-၅-၂၀၀၅(ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၀၅ ၆။ အဆိုပြိုင်ပွဲ
၈:၁၀ ၇။ အကပဒေသာ
၈:၂၀ ၈။ ဟင်းရွက်ရေလှောင်တမံ
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Happy and Educational English Summer Course MRTV
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use
၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၁၇:၁၅ ၆။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၁၇:၃၀ ၇။ လက်ဆင့်ကမ်းပေး ဂီတတေး
၁၇:၄၀ ၈။ **"မပြောမပြီး မတီးမမြည်"** နေရဲလင်း၊ မောင်မောင်မြင့်၊ ရှင်ဖုန်းအိမ့်ချယ်၊ မိုးဇော်၊ ခိုင်ဆုသွယ် (ဒါရိုက်တာ-မောင်မောင်မြင့်)
၁၈:၀၀ ၉။ တေးဂီတအစီအစဉ်
၁၈:၁၅ ၁၀။ နိုင်ငံအဝန်းသစ်တောစွမ်းဖြင့်စိမ်းလန်းစေရမည်
၁၈:၃၀ ၁၁။ ညနေခင်းသတင်း
၁၉:၀၀ ၁၂။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်သောညီမ"** (အပိုင်း-၃၁)
၁၉:၃၅ ၁၄။ တေးဂီတအစီအစဉ်
၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ရာမာယဏဇာတ်တော်ကြီး ပြိုင်ပွဲ) [ဒုတိယပိုင်း] (ဒုတိယဆု) [ရန်ကုန်တိုင်း]

အိမ်တော်ရာစေတီတော် ကဆုန်ညောင်ရေသွန်းလောင်းပွဲ

ရန်ကုန် မေ ၁၈

ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ သမိုင်းဝင် မဟာဓမ္မရံသီ အိမ်တော်ရာ စေတီတော်မြတ်ကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ကဆုန်ညောင်ရေသွန်းလောင်းပွဲတော်အား ဂေါပကအဖွဲ့က ကြီးမှူးပြီး မေ ၂၂ရက် (ကဆုန်လပြည့်နေ့) (တနင်္ဂနွေနေ့) နံနက် ၇နာရီ၌ ကျင်းပမည်ဖြစ်သည်။ အဆိုပါ အခမ်းအနားသို့ စေတီတော် သြဝါဒါစရိယ ဆရာတော်ကြီးများ ကြွရောက်၍ ဦးဆောင် သွန်းလောင်းတော် မူကြမည်ဖြစ်ပြီး ရေအလှူရှင်များ ပါဝင်ကုသိုလ်ယူ သွန်းလောင်းနိုင်ရန် စီစဉ်ပေးထားကြောင်း သိရသည်။

(က-ပ)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ

ထူထောင်ဖို့၊ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။

၂၀၀၅ ခုနှစ် မေလ ၁၇ ရက်နေ့အထိ နိုင်ငံအဝန်းတွင်

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်(၁၇၁၁၆)တိုက် ဖွင့်လှစ်ပြီး ဖြစ်ပါသည်။

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန်
ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်များကို
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်၊ မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

မီးဘေးအန္တရာယ် ဝိုင်းဝန်းကာကွယ်

နိုင်ငံတကာ သတင်းများ

ဂျပန်နိုင်ငံ တိုကျိုဆိပ်ကမ်းတွင် ကုန်သေတ္တာများအား နိုင်ငံခြားကုန်တင်သင်္ဘောပေါ်သို့ တင်ဆောင်နေသည်ကို မေ ၁၅ရက်က တွေ့ရစဉ်။ (ဂျပန်နိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဝင်ငွေသည် ယခုအခါ မြင့်တက်လျက်ရှိသည်။)

(ဓာတ်ပုံ–အင်တာနက်)

ကုန်သွယ်ရေးပိုလျှံငွေ ဒေါ်လာ ၂၁ ဒသမ ၁၇ဘီလီယံ ယခုနှစ် ပထမလေးလအတွင်း တရုတ်နိုင်ငံရရှိခဲ့

ပေကျင်း မေ ၁၇

တရုတ်နိုင်ငံသည် ယခုနှစ်ပထမလေးလအတွင်း ကုန်သွယ်ရေးပိုလျှံငွေ အမေရိကန်ဒေါ်လာ ၂၁ဒသမ ၁၇ဘီလီယံ ရရှိခဲ့ကြောင်း အကောက်ခွန်အထွေထွေအုပ်ချုပ်မှုဌာန၏ နောက်ဆုံးအစီရင်ခံစာ၌ ဖော်ပြထားသည်။

နှစ်ပတ်လည်ပို့ကုန်တိုးတက်မှုသည် ဒေါ်လာ၂၁၈ ဒသမ ၀၅ဘီလီယံထိ ၃၄ရာခိုင်နှုန်းရှိခဲ့ပြီး ထိုအခိုက်၌ သွင်းကုန်သည် ဒေါ်လာ ၁၉၆ ဒသမ ၈၇ဘီလီယံထိ ၁၃ ဒသမ ၃ရာခိုင်နှုန်း မြင့်တက်ခဲ့သည်ဟု အကောက်ခွန်အထွေထွေအုပ်ချုပ်ရေးဌာနက ပြောကြားသည်။ ပြီးခဲ့သည့် တစ်လတည်း၌ပင် တရုတ်နိုင်ငံသည် ကုန်သွယ်ရေးပိုလျှံငွေဒေါ်လာ ၄ ဒသမ ၅၉ဘီလီယံ စံချိန်တင် ရရှိခဲ့သည်ဟု သိရသည်။

ကုန်သွယ်ဖက်

စာရင်းဇယားများတွင် ဥရောပသမဂ္ဂသည် တရုတ်နိုင်ငံ၏ အကြီးမားဆုံး ကုန်သွယ်ဖက်ဖြစ်မြဲရှိပြီး နှစ်နိုင်ငံကုန်သွယ်မှုသည် ဇန်နဝါရီလမှ ဧပြီလထိ ဒေါ်လာ ၆၅ ဒသမ ၂ဘီလီယံရှိခဲ့သည်။ အမေရိကန်ပြည်ထောင်စုနှင့် ဂျပန်နိုင်ငံတို့၏ တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုပမာဏမှာ ဒေါ်လာ ၆၁ ဒသမ ၂၈ဘီလီယံနှင့် ၅၇ဒသမ ၅၄ ဘီလီယံ အသီးသီးရှိသည်။

ကွမ်တုံ၊ ကျန်စုနှင့် ရှန်ဟိုင်းတို့သည် တရုတ်နိုင်ငံ၏ကုန်ပစ္စည်းတင်ပို့သည့် ထိပ်တန်းဒေသသုံးခု ဖြစ်မြဲရှိသည်။

အမ်အင်အေ၊ဆင်ဟွာ

ကူဝိတ်နှင့်ဟွန်ဒိုင်းကုမ္ပဏီ သဘာဝဓာတ်ငွေ့ရည် ပိုမိုထုတ်လုပ်ရေး လက်မှတ်ရေးထိုး

ကူဝိတ်စီးတီး မေ ၁၇

ကူဝိတ်နိုင်ငံ အက်မာဒီသဘာဝဓာတ်ငွေ့နယ်မြေတွင် သဘာဝဓာတ်ငွေ့ရည်(အယ်လ်အင်န်ဂျီ)တိုးမြှင့်ထုတ်လုပ်ရန်တောင်ကိုရီးယားနိုင်ငံဟွန်ဒိုင်းကုမ္ပဏီနှင့် ကူဝိတ်အမျိုးသား ရေနံကုမ္ပဏီ(ကေအင်န်ပီစီ)တို့ တနင်္ဂနွေနေ့က သဘောတူလက်မှတ်ရေးထိုးခဲ့ကြကြောင်း ကူဝိတ်သတင်းဌာနက သတင်းထုတ်ပြန်သည်။

အဆိုပါ သဘာဝဓာတ်ငွေ့ရည်ထုတ်လုပ်မှုစီမံကိန်းသည် အမေရိကန်ဒေါ်လာ ၃၉၈သန်း တန်ဖိုးရှိပြီးလာမည့် ဇွန်လမှ စတင်မည်ဖြစ်ရာ လပေါင်း ၃၀အတွင်း ပူးတွဲဆောင်ရွက်ကြမည်ဖြစ်ကြောင်း ကေအင်န်ပီစီ၏ ဥက္ကဋ္ဌနှင့် မန်နေဂျင်းဒါရိုက်တာဖြစ်သူ ဆာမီအယ်ဂူရိုတ်က ပြောကြားသည်။

အဆိုပါ စီမံကိန်းအောင်မြင်သွားပါက သဘာဝဓာတ်ငွေ့ရည် (အယ်လ်အင်န်ဂျီ) ထုတ်လုပ်မှုသည် ၅၅ရာခိုင်နှုန်းမှ ၉၆ရာခိုင်နှုန်းသို့ တိုးမြှင့်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ပါကစ္စတန် အိုင်တီကဏ္ဍများ ဖွံ့ဖြိုးတိုးတက် ပြည်သူသုံးသိန်းကျော် အလုပ်အကိုင်ပေးနိုင်မည်

အစ္စလမ္မာဘတ် မေ ၁၇

လာမည့်နှစ်နှစ်မှ သုံးနှစ်အတွင်း တယ်လီကွန်းနှင့် အိုင်တီကဏ္ဍများတွင် ဖွံ့ဖြိုးတိုးတက်လာမှုကြောင့် ပြည်သူသုံးသိန်းကျော် အလုပ်အကိုင်ခန့်ထားနိုင်မည်ဟု မျှော်မှန်းကြောင်း ပါကစ္စတန် သတင်းပြန်ကြားရေးနည်းပညာဝန်ကြီး အဝါအစ်အာမက်ခမ်လက်ဇ်ဟာရီက မေ ၁၄ ရက်တွင် ပြောကြားသည်ဟု အေပီပီသတင်းဌာနက မေ ၁၅ရက်၌ ဖော်ပြသည်။

ပါကစ္စတန်နိုင်ငံ၏ တယ်လီကွန်းကဏ္ဍတွင် ဖွံ့ဖြိုးတိုးတက်လာခြင်းကြောင့်အလုပ်အကိုင်အခွင့်အလမ်းများ ကြီးမားစွာ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း ပါကစ္စတန်နိုင်ငံ တောင်ပိုင်း ကာရာချီမြို့တွင် လက်ဇ်ဟာရီက သတင်းထောက်များအား ပြောကြားသည်။

လိုအပ်

နိုင်ငံ၏ အိုင်တီကဏ္ဍတွင် ဝင်ရောက်လုပ်ကိုင်နိုင်ရန် အင်ဂျင်နီယာများနှင့် ပညာတတ် ဘွဲ့ရများကို လေ့ကျင့်မှုများ ပြုလုပ်ပေးရန် လိုအပ်ကြောင်းလည်း ၎င်းက ပြောကြားသည်။

ထို့အပြင် အိုင်တီကဏ္ဍသည် ပါကစ္စတန်နိုင်ငံတွင် ဝန်ထမ်းများ၏ အရေးပါသော အဓိက နယ်ပယ်တစ်ခု ဖြစ်လာတော့မည်ဖြစ်သည်ဟု ပါကစ္စတန်နိုင်ငံ သတင်းပြန်ကြားရေး နည်းပညာဝန်ကြီး လက်ဇ်ဟာရီက ယုံကြည်လျက်ရှိသည်။

မျှော်မှန်းထား

ပါကစ္စတန်နိုင်ငံတွင် ပြီးခဲ့သည့် ၂၀၀၄ခုနှစ်က တယ်လီကွန်းကဏ္ဍတွင် အမေရိကန်ဒေါ်လာ တစ်ဘီလီယံမှ ၁ဒသမ၅ဘီလီယံအထိ ရင်းနှီးမြှုပ်နှံမှုရှိခဲ့ကြောင်း၊ လာမည့်လေးနှစ်မှ ငါးနှစ်တွင် အဆိုပါကဏ္ဍ၌ အလားတူ ရင်းနှီးမြှုပ်နှံမှုများ ထပ်မံပြုလုပ်ရန် မျှော်မှန်းထားကြောင်း လက်ဇ်ဟာရီက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

အာရှနိုင်ငံများ ကြက်ငှက်တုပ်ကွေးရောဂါ ပူးပေါင်းကာကွယ် ဟနွိုင်း၌ကျင်းပသော ဒဗလျူအိပ်ချ်အိုအစည်းအဝေးက တိုက်တွန်း

ဟနွိုင်း မေ ၁၇

ကြက်ငှက်တုပ်ကွေးရောဂါကို ပိုမိုထိရောက်စွာ ထိန်းချုပ်နိုင်ရေးအတွက် အတွေ့အကြုံနှင့် သတင်းများဖလှယ်ရန် နိုင်ငံတကာဆိုင်ရာ ကွန်ရက်တည်ဆောက်ဖို့လိုအပ်ကြောင်း အာရှနိုင်ငံများအား ဒဗလျူအိပ်ချ်အိုအစည်းအဝေးက တိုက်တွန်းလိုက်သည်။

ဟနွိုင်းတွင် သုံးရက်ကြာကျင်းပခဲ့သော ဒဗလျူအိပ်ချ်အိုအစည်းအဝေးတွင် ပြည်တွင်းပြည်ပ ကိုယ်စားလှယ်များက ရောဂါကူးစက်မှု လျော့လာရန်နှင့် မှန်မှန်ကန်ကန် ကုသမှုပေးနိုင်ရန် နိုင်ငံများအနေဖြင့် ရောဂါကို ပိုမိုတက်ကြွစွာ လေ့လာသင့်ကြောင်း ပြောဆိုခဲ့ကြသည်ဟု ဗီယက်နမ်နယူးစ်က သောကြာနေ့၌ ဖော်ပြသည်။

၂၀၀၃ခုနှစ်ကုန်ပိုင်းမှ စပြီး အာရှတိုက်၌ လူ ၉၂ ဦး ထိုရောဂါကူးစက်ခံခဲ့ရပြီး ၅၂ဦးသေဆုံးခဲ့သည်။ ကြက်ငှက်တုပ်ကွေးရောဂါလူများ၌ ကူးစက်ခြင်းကို အများဆုံးခံခဲ့ရသော ဗီယက်နမ်နိုင်ငံ၌ ၂၀၀၃ ခုနှစ် ဒီဇင်ဘာလမှစပြီး လူ ၇၁ဦး၌ ယင်းရောဂါဖြစ်ပွားခဲ့ပြီး ၃၆ဦးသေဆုံးခဲ့သည်။

အောင်မြင်ခဲ့

ကြက်ငှက်တုပ်ကွေးရောဂါ ကုသရာ၌ ဗီယက်နမ်နိုင်ငံသည် ထူးခြားစွာ အောင်မြင်ခဲ့ပြီး လူနာတစ်ဦးမှာဆေးရုံ၌ သုံးလနီးပါးကြာ ကုသမှုခံယူခဲ့ပြီးနောက် ဆေးရုံမှဆင်းတော့မည်ဖြစ်သည်။ ရှေ့နှစ်အစောပိုင်း၌ကာကွယ်ဆေးကို အများအပြားထုတ်လုပ်ရန် ဗီယက်နမ်နိုင်ငံက မျှော်လင့်ထားသည်။ အဆိုပါ ကာကွယ်ဆေးကို တိရစ္ဆာန်များ၌ စမ်းသပ်ခဲ့ရာ အကျိုးထိရောက်မှုရှိခဲ့သည်။

တက်ရောက်

အစည်းအဝေးကို ဒဗလျူအိပ်ချ်အိုက စီစဉ်ကျင်းပခဲ့ခြင်းဖြစ်ပြီး တရုတ်၊ ထိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာနှင့် ဗီယက်နမ်တို့ အပါအဝင်နိုင်ငံများမှ ကျန်းမာရေးအရာရှိများနှင့် ကျွမ်းကျင်ပညာရှင်များ ၁၀၀ခန့် တက်ရောက်ခဲ့ကြသည်။

အမ်အင်အေ၊ဆင်ဟွာ

ဘဂ္ဂဒက်မြို့တွင် လမ်းဘေးဗုံးပေါက်ကွဲမှုဖြစ်ပွား အီရတ်သုံးဦးသေဆုံး၊ လေးဦးဒဏ်ရာရ

ဘဂ္ဂဒက် မေ ၁၆

ဘဂ္ဂဒက်မြို့တောင်ပိုင်းတွင် မေ ၁၄ရက်က လမ်းဘေးဗုံးတစ်လုံးပေါက်ကွဲမှုဖြစ်ပွားရာ အီရတ်နိုင်ငံသားသုံးဦး သေဆုံးခဲ့ကြောင်း ဆေးရုံသတင်းရပ်ကွက်က ပြောကြားသည်။

ဘဂ္ဂဒက်မြို့ တောင်ပိုင်း ဒိုရာခရိုင်တွင် မေ ၁၄ရက် နံနက် ၇နာရီခွဲက လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် လမ်းမြူနီစီပယ်သန့်ရှင်းရေးအလုပ်သမားသုံးဦးသေဆုံးပြီး အခြားအီရတ်လေးဦးလည်း ဒဏ်ရာရရှိခဲ့ကြောင်း ယာမောက်ဆေးရုံမှ သတင်းများက ပြောကြားသည်။

ယင်းကဲ့သို့ ဖြစ်ပွားသည့်အချိန်တွင် ဘာကူဘာမြို့ အီရတ်ရဲတပ်ဖွဲ့ကင်းလှည့်မော်တော်ယာဉ်တစ်စီးအနီး ဗုံးပေါက်ကွဲမှုကြောင့် အီရတ်ရဲတပ်ဖွဲ့ဝင်သုံးဦးနှင့် အရပ်သားတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဧပြီ ၂၈ရက်ကစပြီး အီရတ်အစိုးရအဖွဲ့သစ် တာဝန်ယူပြီးနောက်ပိုင်း အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များကို နိုင်ငံတစ်ဝန်း အီရတ်လက်နက်ကိုင်များက တိုးမြှင့်တိုက်ခိုက်လျက်ရှိရာ ဗုံးပေါက်ကွဲမှုများလည်း ပိုမိုဖြစ်ပွားလာလျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ

ဘဂ္ဂဒက်မြို့တွင် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် အမေရိကန်စစ်ယာဉ်တစ်စီး မီးလောင်နေသည်ကို မေ ၁၃ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အမေရိကန် ဒုံးပျံများဖြန့်ချမှု တောင်ကိုရီးယား၌ လူထောင်ပေါင်းများစွာ ကန့်ကွက်ဆန္ဒပြ

ကွမ်ကျူ(တောင်ကိုရီးယား) မေ ၁၇

တောင်ကိုရီးယားပြည်သူထောင်ပေါင်းများစွာသည် အမေရိကန် ပက်ထရီယော့ဒုံးပျံများ ဖြန့်ချထားမှုကို ကွမ်ကျူမြို့၌ မေ ၁၅ရက်က လူထုဆန္ဒပြပွဲတစ်ရပ်ပြုလုပ်ကာ ကန့်ကွက်ခဲ့ကြသည်ဟု တောင်ကိုရီးယားသတင်းဌာနက သတင်းဖော်ပြသည်။

အမေရိကန်ပြည်ထောင်စုသည် ယင်း၏ တပ်အင်အားတိုးတက်ရေး ဒေါ်လာ ၁၁ ဘီလီယံ အစီအစဉ်၏ အစိတ်အပိုင်းအဖြစ် နိုဝင်ဘာလထဲ၌ ကွမ်ကျူမြို့၏အနောက်တောင်ဘက်တွင် အဆင့်မြင့် ပက်ထရီယော့ဝေဟင်ပစ်ဒုံးပျံတပ်ဖွဲ့နှစ်ဖွဲ့ကို ဖြန့်ချခဲ့သည်။

ကွမ်ကျူမြို့တွင် အမေရိကန်ပြည်ထောင်စု၏ စစ်အင်အား တိုးချဲ့မှုကို စိုးရိမ်ကြသော ကွမ်ကျူမြို့နေလူထုက ယင်းလုပ်ဆောင်ချက်ကို အပြင်းအထန် ကန့်ကွက်ခဲ့ကြသည်။

လုံးထွေးရစ်ပတ်

အဆိုပါဒုံးပျံသစ်များဖြန့်ချထားသည့် ကွမ်ကျူရှိတောင်ကိုရီးယားလေတပ်၏အမှတ်(၁)တိုက်လေယာဉ်အုပ်စု အခြေစိုက်စခန်းအတွင်းသို့ ဝင်ရောက်ရန်ကြိုးပမ်းသည့် ဆန္ဒပြသူ ၃၀၀၀ခန့်နှင့် ရဲအဖွဲ့လုံးထွေးရစ်ပတ်ဖြစ်ခဲ့ကြသည်ဟု မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

၂၀၀၅ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများနှင့် လူပုဂ္ဂိုလ်တို့အား ဂုဏ်ပူဇာမင်္ဂလာကျင်းပ

ရန်ကုန် မေ ၁၈

စစ်ကိုင်းတိုင်း ၂၀၀၅ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများနှင့် လူပုဂ္ဂိုလ်တို့အား ဂုဏ်ပူဇာမင်္ဂလာအခမ်းအနားကို မေ ၁၅ ရက် နံနက် ၈ နာရီက မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဇနီး ဒေါ်ဝေဝေခိုင်၊ တပ်မတော် အရာရှိကြီးများ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများတက်ရောက်ကြသည်။

အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော်ဩဝါဒါစရိယ မုံရွာမြို့ မဟာဇောတိကာရာမကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကဝိန္ဒဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော်ကြီးများက ပရိတ်တရားတော်များကို ရွတ်ပွားပူဇော်ကြပြီး စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် တိုင်းမှူးနှင့် ဇနီးနှင့် တာဝန်ရှိပုဂ္ဂိုလ်များက လှူဖွယ်ပစ္စည်းဝတ္ထုများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်ဩဝါဒါစရိယ မဟာဇောတိကာရာမကျောင်းတိုက် ပဓာနနာယက ဆရာတော်ထံမှ အနုမောဒနာတရားနာယူ၍ ရေစက်သွန်းချအမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းလိုက်သည်။

နေ့ဆွမ်းဆက်ကပ်

အခမ်းအနားအပြီးတွင် ဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများအား တိုင်းမှူးနှင့် ဇနီး၊ တာဝန်ရှိပုဂ္ဂိုလ်များက ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများကိုလောင်းလှူကြပြီးနေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။**(အပေါ်ယာပုံ)(သတင်းစဉ်)**

ထိုင်းနိုင်ငံ၌ကျင်းပမည့် ကဆုန်လပြည့်(ဗုဒ္ဓနေ့)နှင့် အပြည်ပြည်ဆိုင်ရာဗုဒ္ဓဘာသာညီလာခံသို့တက်ရောက်ရန် မြန်မာဗုဒ္ဓဘာသာကိုယ်စားလှယ်အဖွဲ့ ထွက်ခွာ

ရန်ကုန် မေ ၁၈

ထိုင်းနိုင်ငံ၌ မေ၁၈ရက်မှ ၂၁ရက်အထိကျင်းပမည့် ကဆုန်လပြည့်(ဗုဒ္ဓနေ့)နှင့် အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာ ညီလာခံသို့တက်ရောက်ရန် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တကေသရ ဦးဆောင်သော မြန်မာဗုဒ္ဓဘာသာကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ညပိုင်းက လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထိုင်းနိုင်ငံသို့ ထွက်ခွာသွားကြသည်။

အဆိုပါ မြန်မာဗုဒ္ဓဘာသာကိုယ်စားလှယ်အဖွဲ့အား သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာဗုဒ္ဓဘာသာ ကိုယ်စားလှယ်အဖွဲ့တွင် ဆရာတော်ကိုးပါးနှင့် လူပုဂ္ဂိုလ်ခြောက်ဦးတို့ လိုက်ပါသွားကြသည်။ **(သတင်းစဉ်)**

သာသနာရေးဝန်ကြီးဌာန ဝန်ကြီးက ပခုက္ကူမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းသို့ ကွန်ပျူတာတစ်စုံပေးအပ်လှူဒါန်းပွဲတွင် သာသနာရေးဝန်ကြီးဌာနဝန်ကြီးကိုယ်စား နယ်မြေခံတပ်မဌာနချုပ်မှ ဗိုလ်မှူးကြီးသိန်းတန်က ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ကြီး ဦးကျော်ရွှေက လက်ခံရယူစဉ်။ (သာသနာရေး)

သာသနာရေးဝန်ကြီးဌာနဝန်ကြီး အထက(၄)ပခုက္ကူသို့ ကွန်ပျူတာလှူဒါန်း

ရန်ကုန် မေ ၁၈

သာသနာရေးဝန်ကြီးဌာနဝန်ကြီးက ပခုက္ကူမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းသို့ လှူဒါန်းသော ကွန်ပျူတာတစ်စုံ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဧပြီ၂၈ရက် နံနက်၉နာရီတွင် ပခုက္ကူမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ နယ်မြေခံတပ်မဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ မြို့နယ်အဆင့် တာဝန်ရှိသူများ၊ မိဘဆရာအသင်း ကျောင်းအကျိုးတော်ဆောင်များနှင့် ဆရာဆရာမများတက်ရောက်ကြသည်။

အခမ်းအနားတွင် နယ်မြေခံတပ်မဌာနချုပ်မှ ဗိုလ်မှူးကြီးသိန်းတန်က သာသနာရေးဝန်ကြီးဌာနဝန်ကြီးကိုယ်စား ကွန်ပျူတာလှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ကြီး ဦးကျော်ရွှေက လက်ခံပြီးကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံတောင်ပိုင်း၌ မိုးထစ်ချုန်းရွာနိုင်

ရန်ကုန် မေ ၁၈

လွန်ခဲ့သော ၂၄နာရီအတွင်းက တနင်္သာရီတိုင်းတွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းနှင့်ပဲခူးတိုင်းတို့၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်မှာ ထားဝယ်မြို့တွင် ဝဒသမ၅လက်မဖြစ်သည်။ နေ့အပူချိန်များမှာ ချင်းပြည်နယ်တွင် ဖြစ်မြဲခန့်သာရှိပြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့၌ ဖြစ်မြဲထက် သုံးဒီဂရီစင်တီဂရိတ်မှ လေးဒီဂရီစင်တီဂရိတ်ထိ၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းနှင့် စစ်ကိုင်းတိုင်းတို့တွင် ဖြစ်မြဲထက် ငါးဒီဂရီစင်တီဂရိတ်မှ ခြောက်ဒီဂရီ စင်တီဂရိတ်ထိနှင့် ကျန်ဒေသများ၌ ဖြစ်မြဲထက် ခုနစ်ဒီဂရီစင်တီဂရိတ်မှ ကိုးဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့သည်။

ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလား ပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန် ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မေ၁၉ရက်ညနေထိ ခန့်မှန်းချက်အရ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်သာ ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ **(မြန်မာ့အလင်း)**

တရားဟောကြားမည်

ရန်ကုန် မေ ၁၈

တောင်ဥက္ကလာပမြို့နယ် အမှတ်(၆)ဝိုင်း သဲအင်းဂူဝိပဿနာရိပ်သာ ရတနာမာန်အောင်ကျောင်းဆရာတော် (သဲအင်းဂူ)အရှင်စိန္တာမယ(နယ်လှည့်ဓမ္မကထိက)သည် မေ၂၂ရက်မှ ၂၄ရက်အထိ ရန်ကင်းမြို့နယ် အမှတ်(၄)ရပ်ကွက် ရတနာ့ဗိမာန်ဓမ္မာရုံ၌ လည်းကောင်း၊ ဇွန်၂၈ရက်၊ ၂၉ရက်တွင် ဧရာဝတီတိုင်း မအူပင်မြို့ ထနီးရွာ ဒါယကာကြီး ဦးတိုးမောင်အိမ်ရှေ့ မဏ္ဍပ်၌လည်းကောင်း ညနေ ၆နာရီမှစ၍ တရားဟောကြားမည်ဟု သိရသည်။ **(က-ပ)**

The Commerce Journal အတွဲ ၅၊ အမှတ် ၇ ဖြန့်ချိ

ရန်ကုန် မေ ၁၈

၂၀၀၅ ခုနှစ် မေ ၁၆ ရက်ထုတ် The Commerce Journal အတွဲ(၅)၊အမှတ်(၇)တွင် ဆရာမောင်စူးစမ်း၊ ဆရာအောင်သင်း၊ ဆရာ ဦးဟန်ထွန်း၊ မောင်တိုင်ပင်၊ အောင်စိုး (MPM)၊ ဟန်မင်းဆက်၊ ကြည်ရွှန်း၊ မောင်ပုဆိုးကြမ်း၊ ကျော်လွင်တို့၏ သုတ/ရသ ဆောင်းပါးများနှင့်အတူ ပို့ကုန်သတင်းများ၊ အနယ်နယ်အရပ်ရပ်မှ ဒေသထွက်ကုန်သတင်းများဖြင့် ဝေဝေဆာဆာ ဖော်ပြထားပြီး အမှတ် ၃၈၊ လမ်း ၃၀၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်က တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉-၅-၂၀၀၅

(ကြာသပတေးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	ဝါသနာရှင်စင်မြင့်
၇း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၇း၅၀	ယဉ်ကျေးမှုတက္ကသိုလ်
၈း၀၀	တေးဂီတအစီအစဉ်
၈း၀၅	အာဟာရပြည့်လျှင်ရောဂါစင် ပျော်ရွှင်ကျန်းမာစိတ်ချမ်းသာ
၈း၁၅	ပြည်တွင်းသတင်းအကျဉ်း
၈း၂၀	ဖီဖာကမ္ဘာ့ဖလား ၂၀၀၂
၈း၅၀	တေးဂီတအစီအစဉ်
၉း၀၅	မြန်မာ့ရင်းနှီးမြှုပ်နှံရေးနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်
၉း၁၀	မိုးလေဝသခန့်မှန်းချက်
၉း၁၅	တေးဂီတအစီအစဉ်
၉း၂၀	ဖန်တီးသူတို့အနုပညာ
၉း၄၀	တေးဂီတအစီအစဉ်
၉း၄၅	စစ်ကိုင်းတိုင်း ပုထိုးလုံးတံတား
၉း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၀	'ဒါ'ဖောရိန်းမိတ်တဲ့လားဗျာ
၁၀း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀	နိုင်ငံတကာ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး
၁၀း၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀	စီးပွားဖြစ် ကျောက်ပုစွန်မွေးမြူရေး
၁၁း၀၀	MRTV-4 အပိတ် Logo၊

အထက်ပါ လေးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ လေးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

အင်းစိန်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဝန်ထမ်းများက အင်းစိန်မြို့နယ် တောင်သူကုန်းရပ်ကွက်အတွင်း နေထိုင်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးနိုင်ရေးအတွက် မေ ၁၆ရက်က ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကွင်းဆင်းဆောင်ရွက်နေမှုကို ရန်ကုန်တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးစဉ်။ (လဝက)

ထူးခြားသည့် နေ့အပူချိန်များ

၁၈-၅-၂၀၀၅

မကွေး	၄၅ ဒီဂရီစင်တီဂရိတ် (၁၁၃ ဒီဂရီဖာရင်ဟိုက်)
မင်းဘူး	၄၄ ဒီဂရီစင်တီဂရိတ် (၁၁၁ ဒသမ ၂ ဒီဂရီ ဖာရင်ဟိုက်)
အောင်လံ မိတ္ထီလာ	၄၃ဒီဂရီစင်တီဂရိတ် (၁၀၉ဒသမ၄ ဒီဂရီဖာရင်ဟိုက်)

ပို့ကုန်အမယ်သစ်နှင့်ပို့ကုန်အရေအတွက် တိုးမြှင့်တင်ပို့ ပြည်သူလူထု၏လူမှုရေးစီးပွားရေးလုံခြုံရေးဆောင်ရွက်

ရန်ကုန် မေ ၁၈

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) တွေ့ဆုံဆွေးနွေးပွဲနှင့် အလုပ်အမှုဆောင်အဖွဲ့ ပထမအကြိမ်အစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နာယကအဖွဲ့ဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်တင်နိုင်သိန်းတက်ရောက်၍ အမှာစကားပြောကြားသည်။

အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌဦးဝင်းမြင့်၊ ဒုတိယဥက္ကဋ္ဌများနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အသင်းချုပ်အောက်ရှိ အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့်အတွင်းရေးမှူးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အသင်းချုပ်က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် အသင်းချုပ်ဥက္ကဋ္ဌက အင်ဒိုနီးရှား သမ္မတနိုင်ငံ ဘန်ဒေါင်းမြို့၌ ဧပြီ ၂၀ ရက်မှ ၂၅ရက်အထိ ကျင်းပခဲ့သည့် အာရှ-အာဖရိက ကုန်စည်ပြပွဲ-၂၀၀၅တွင် မြန်မာနိုင်ငံက ဆွတ်ခူးရရှိခဲ့သောပြခန်းပထမဆုကို အသင်းချုပ်နာယကအဖွဲ့ဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းထံ လွှဲပြောင်းပေးအပ်သည်။

လုပ်ငန်းစီမံချက်ရေးဆွဲ

ယင်းနောက် အသင်းချုပ်နာယကအဖွဲ့ဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက အမှာစကား ပြောကြားရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်သည် နိုင်ငံအကျိုး၊ အသင်းအဖွဲ့များအကျိုး၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ကုမ္ပဏီများအကျိုးနှင့် ပြည်သူလူထု အကျိုးတို့ကို ရှေးရှု ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရကြောင်း၊ ပုဂ္ဂလိကကဏ္ဍ စီးပွားရေးနှင့် ကုန်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဦးဆောင်ဦးရွက်ပြုရသည့် အသင်းချုပ်ကြီး ဖြစ်သည်နှင့်အညီ လုပ်ငန်းများဆောင်ရွက်ရာတွင် ပိုမိုစုစည်းညီညွတ်စွာ ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်ရသည့် လုပ်ငန်းများ ပိုမိုများပြားလာသည်နှင့်အမျှ လုပ်ငန်းစီမံချက်များလည်း စနစ်တကျ ရေးဆွဲဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

အလေးထားဆောင်ရွက်

မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်း အသင်းချုပ်ကြီး၏ လုပ်ငန်းဆိုင်ရာ အခက်အခဲများကြုံတွေ့ပါက ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကျော်လွှားနိုင်ရန် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ အသင်းအဖွဲ့များ အနေဖြင့် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများအပါအဝင် နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် ပို့ကုန်အမယ်များနှင့် ပို့ကုန်အရေအတွက် ပိုမိုတိုးမြှင့်တင်ပို့နိုင်ရေး၊ ကုန်သွယ်ရေးနှင့်ပတ်သက်၍ ဖြစ်ပေါ်လာသည့် ကောလာဟလများကို မိမိတို့၏ စာရင်းအင်းအမှန်၊ သတင်းအမှန်များဖြင့် ချေဖျက်နိုင်ရေး၊ ပြည်တွင်းပြည်ပဈေးကွက်သတင်းများ အချိန်နှင့်တစ်ပြေးညီ ရယူထုတ်ပြန်နိုင်ရေး၊ ကုန်စည်စီးဆင်းမှုလွယ်ကူလျင်မြန်စေရေး၊ ပို့ကုန်ပစ္စည်းများ တိုးချဲ့ထုတ်လုပ်ရေးနှင့် ဈေးကွက်ချဲ့ထွင်ရေး၊ အဖျက်အမှောင့်လုပ်ရပ်များကို ပြည်သူ့စွမ်းအားဖြင့် ကာကွယ်တားဆီးရေး၊ ပြည်သူလူထု၏ လူမှုရေး၊ စီးပွားရေး၊ လုံခြုံရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ရေးစသည်တို့ကို အလေးထား ဆောင်ရွက်ကြစေလိုကြောင်း စသည်ဖြင့်ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်နှင့် တိုင်းများမှ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးတင်ပြကြပြီး လူမဆန်သော အကြမ်းဖက်အဖျက်လုပ်ရပ်နှင့်ပတ်သက်၍ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်ကို ဖတ်ကြား၍ အခမ်းအနားကို ခေတ္တရပ်နားသည်။

ထို့နောက် အလုပ်အမှုဆောင်အဖွဲ့၏ ပထမအကြိမ် အစည်းအဝေးကိုကျင်းပရာ ရှေးဦးစွာ အစည်းအဝေးသဘာပတိ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်က အဖွင့်အမှာစကား ပြောကြားသည်။

အမှာစကား

ယင်းနောက် အစည်းအဝေးတက်ရောက်လာကြသူများက အသင်းချုပ် လုပ်ငန်းကော်မတီများ ပြန်လည်ဖွဲ့စည်းရေးနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြပြီး သဘာပတိ အသင်းချုပ်ဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်က အင်ဒိုနီးရှားနိုင်ငံ ဘန်ဒေါင်းမြို့တွင်ကျင်းပခဲ့သည့် အာရှ-အာဖရိက ကုန်စည်ပြပွဲ၌ မြန်မာနိုင်ငံက ဆွတ်ခူးရရှိခဲ့သော ပြခန်းပထမဆုကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းထံ လွှဲပြောင်းပေးအပ်စဉ်။ (သတင်းစဉ်)

သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းအား ကုလဌာနေကိုယ်စားလှယ်ရုံး ညှိနှိုင်းရေးမှူးတွေ့ဆုံ

ရန်ကုန် မေ ၁၈

သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် ကုလသမဂ္ဂဌာနေကိုယ်စားလှယ်ရုံးမှ ညှိနှိုင်းရေးမှူး Mr.Charles Petrie အား ယနေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သမဝါယမဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမတွင် လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် သမဝါယမဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းနှင့်အတူ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်း၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိန်သန်း၊ သမဝါယမပို့ကုန်သွင်းကုန်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးလှမိုးနှင့် ဝန်ကြီးဌာနမှတာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ကုလသမဂ္ဂဌာနေကိုယ်စားလှယ်ရုံးမှ ညှိနှိုင်းရေးမှူး Mr. Charles Petrie အား ဝန်ကြီး၏ဧည့်ခန်းမတွင် လက်ခံတွေ့ဆုံစဉ်။ (သမဝါယမ)

ဝန်ကြီး ဦးသန်းအောင် ကျောင်းအပ်နှံရေးနေ့အခမ်းအနားတက်ရောက် ရာနှုန်းပြည့်ကျောင်းနေနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန်မှာကြား

ရန်ကုန် မေ ၁၈

အမှတ်(၃)အခြေခံပညာဦးစီးဌာန မှော်ဘီမြို့နယ် အောင်မင်္ဂလာအခြေခံပညာမူလတန်းကျောင်း ၂၀၀၅-၂၀၀၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် အဆိုပါကျောင်းခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင် တက်ရောက်၍ အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် ရှေးဦးစွာ မြို့နယ်ပညာရေးမှူး ဦးမြသိန်းက မှော်ဘီမြို့နယ်၏ ကျောင်းအပ်နှံမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ကျောင်းအုပ်ဆရာမကြီးဒေါ်သန်းသန်းအေးက ကျောင်းသမိုင်း အကျဉ်း၊ သူငယ်တန်းကျောင်းအပ်နှံမှုအခြေအနေနှင့် ကျောင်းနေအရွယ်ကလေးများ ကျောင်းနေရေး ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးဦးသန်းအောင်က အမှာစကားပြောကြားရာ၌ ကျောင်းနေအရွယ်ကလေးအားလုံးကျောင်းနေရေး လုပ်ငန်းစဉ်ကို၁၉၉၉-၂၀၀၀ ပညာသင် နှစ်မှစ၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ နှစ်စဉ် ကျောင်းဝင်နှုန်း တိုးတက်မြင့်မားလာခဲ့ကြောင်း၊ ၂၀၀၄-၂၀၀၅ ပညာသင်နှစ်က ကျောင်းဝင်နှုန်း ၉၆ဒသမ ၅၆ ရာခိုင်နှုန်းရှိခဲ့ပြီး ၂၀၀၅-၂၀၀၆ ပညာသင်နှစ်တွင် ရာနှုန်းပြည့် ကျောင်းနေနိုင်ရေးအတွက် မျှော်မှန်းထားကြောင်း။

ယခုကဲ့သို့ ကျောင်းဝင်နှုန်း တိုးတက်မြင့်မားလာခြင်းမှာ ဗဟိုအဆင့်မှ ရပ်ကွက်၊ကျေးရွာအဆင့်အထိ ကော်မတီအဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်း၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဌာန ဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်များနှင့် ပညာရေးဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်း တို့ကြောင့်ဖြစ်ကြောင်း၊ ယခုပညာသင်နှစ်တွင်လည်း ရာနှုန်းပြည့် ကျောင်းနေနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက် ကြစေလိုကြောင်းဖြင့် မှာကြားသည်။

လက်ဆောင်စာအုပ်များပေးအပ်

ဆက်လက်၍ ဝန်ကြီးက ကျောင်းဝတ်စုံများကို ပေးအပ်ရာ ကျောင်းသားများကလည်းကောင်း၊ လက်ဆောင်စာအုပ်များကို ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးကလည်းကောင်း လက်ခံကြသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်များနှင့် မြန်မာနိုင်ငံစာစစ်အဖွဲ့ ဥက္ကဋ္ဌတို့က ကျောင်းဝတ်စုံများ၊ လွယ်အိတ်များ၊ ဗလာစာအုပ်များ၊ ခဲတံများနှင့် ပြဋ္ဌာန်းစာအုပ်များကို ပေးအပ်ရာ ကျောင်းသား ကျောင်းသူများက လက်ခံကြသည်။

ဆက်လက်၍ ဝန်ကြီးဦးသန်းအောင်ထံသို့ ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေးအတွက် အလှူရှင်များကအလှူငွေများပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အလားတူ မှော်ဘီမြို့နယ် ငါးခုံးမစမ်း အခြေခံပညာမူလတန်း ကျောင်း ၂၀၀၅-၂၀၀၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် အဆိုပါကျောင်းခန်းမ၌ကျင်းပရာရှေးဦးစွာကျောင်းအုပ်ဆရာမကြီးဒေါ်စန်းစန်းနွယ်ကကျောင်းသမိုင်းအကျဉ်း၊ သူငယ်တန်းကျောင်းအပ်နှံမှု အခြေအနေနှင့် ကျောင်းနေအရွယ်ကလေးများ ကျောင်းနေရေး ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

မှာကြား

ထို့နောက် ဝန်ကြီးက ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေးလုပ်ငန်းစဉ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ကျောင်းနေအရွယ်ကလေးအားလုံးကျောင်းနေရေး လုပ်ငန်းစဉ် အောင်မြင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားပြီး ကျောင်းဝတ်စုံများ ပေးအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်နယ်နှင့်တိုင်း အမျိုးသမီးဘောလုံးပြိုင်ပွဲဆက် ရန်ကုန်တိုင်းက မွန်ပြည်နယ်ကို အနိုင်ရပြီး ဗိုလ်လုပွဲတက်

ရန်ကုန် မေ ၁၈

အားကစားဝန်ကြီးဌာနနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ် ကျင်းပသည့် (၁၀)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီး(အလွတ်တန်း)ဘောလုံးပြိုင်ပွဲ ဒုတိယအကြိုဗိုလ်လုပွဲစဉ်ကို ယနေ့ညနေ၃နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်း၌ကျင်းပရာ ရန်ကုန်တိုင်းအသင်းက မွန်ပြည်နယ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ရန်ကုန်တိုင်းအသင်းအတွက် အနိုင်ဂိုးများကို အသင်းခေါင်းဆောင် သီတာကြည်က ပွဲစပြီး၁၄မိနစ်အကြာတွင် ပထမဂိုး၊ပွဲချိန်၃၉မိနစ်တွင် ဒုတိယဂိုးသွင်းယူပေးသည်။ ပွဲစဉ်အလိုက် အကောင်းဆုံးဆုကို ရန်ကုန်တိုင်းအသင်းအတွက် အနိုင်ဂိုးနှစ်ဂိုး သွင်းယူပေးသူ သီတာကြည်က ရရှိသည်။

ရန်ကုန်တိုင်းအသင်းခေါင်းဆောင် မြန်မာ့လက်ရွေးစင်ဟောင်း သီတာကြည်သည် ယနေ့ပွဲအပါအဝင် စုစုပေါင်း ၁၂ဂိုးသွင်းယူထားသည်။ ရန်ကုန်တိုင်းအသင်းသည် အုပ်စုပွဲစဉ်မှ အကြိုဗိုလ်လုပွဲစဉ်အထိ ငါးပွဲကစားရာ စုစုပေါင်း၂၄ဂိုးသွင်းထားပြီး ပေးဂိုးလုံးဝမရှိသေးချေ။ ယမန်နှစ်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲစဉ်၌ မွန်ပြည်နယ်အသင်းက ရန်ကုန်တိုင်းအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး ဗိုလ်စွဲခဲ့ရာ ယနေ့ပွဲစဉ်တွင် ရန်ကုန်တိုင်းအသင်းက ရှုံးကြွေးပြန်ဆပ်နိုင်ခဲ့သည်။

ဗိုလ်လုပွဲ

မေ၂၀ရက် နံနက်၇နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ တတိယနေရာလုပွဲအဖြစ် စစ်ကိုင်းတိုင်းအသင်းနှင့် မွန်ပြည်နယ်အသင်း၊ ညနေ၃နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ နောက်ဆုံးဗိုလ်လုပွဲစဉ်အဖြစ် ဧရာဝတီတိုင်းအသင်းနှင့် ရန်ကုန်တိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

✡ ကျောဖုံးမှ

ရှေးဦးစွာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရန် ဘက်စုံထောင့်စုံမှ ကြိုးပမ်းတည်ဆောက်လျက်ရှိရာတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကြီးသည် အသိစိတ်ဓာတ်မှန်ကန်စွာဖြင့် အရေးပါသော အခန်းကဏ္ဍမှ နိုင်ငံတော်အတွင်း ပျံ့နှံ့ဆောင်ရွက်လျက်ရှိသော လူမှုရေးအဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း။

ခိုင်ခိုင်မာမာရပ်တည်

အသင်းကြီးအနေဖြင့် ပညာရေးဆိုင်ရာ စောင့်ရှောက်ရေးအဖွဲ့၊ ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်ရေးအဖွဲ့၊ စီးပွားရေးဆိုင်ရာ စောင့်ရှောက်ရေးအဖွဲ့၊ လူမှုရေးဆိုင်ရာ စောင့်ရှောက်ရေးအဖွဲ့ဆိုသည့် လုပ်ငန်းအဖွဲ့များဖွဲ့စည်းပြီး မိခင်နှင့်ကလေးများ၏ ကျန်းမာကြံ့ခိုင်ရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေး၊ မိသားစုဘဝလုံခြုံရေးနှင့် လူမှုရေးဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများကို ထိထိရောက်ရောက်ဆောင်ရွက်လျက်ရှိနေသည်ကို တွေ့ရှိရကြောင်း၊ ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့များအနေဖြင့်လည်း အသင်းကြီးက ချမှတ်သောလုပ်ငန်းများအောင်မြင်စေရေးအတွက် ခရိုင်ကြီးကြပ်ရေးအဖွဲ့များ ထပ်ဆင့်ဖွဲ့စည်းပြီး ခိုင်ခိုင်မာမာ ရပ်တည်နိုင်အောင် ကြိုးစားဆောင်ရွက်လျက်ရှိနေကြောင်း။

ရန်ကုန်တိုင်းအတွင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများသည် ၂၀၀၄ခုနှစ်အတွင်းတွင် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၏ ပံ့ပိုးမှုဖြင့် အသင်းကြီးကချမှတ်ထားသော လုပ်ငန်းစဉ်များကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရကြောင်း။

၂၀၀၄ခုနှစ်တွင် ရန်ကုန်တိုင်းသည် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီးက ချီးမြှင့်သော ပထမဆုကို ထပ်မံ၍ အောင်အောင်မြင်မြင် ဆွတ်ခူးရရှိခဲ့ကြောင်း၊ ယခုကဲ့သို့ ဆုကြီးကို ရရှိနိုင်ခြင်းသည် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက ဦးဆောင်၍ မြို့နယ်အားလုံးက တက်တက်ကြွကြွ စည်းစည်းလုံးလုံး ကြိုးစားဆောင်ရွက်ကြသည့်အတွက် ထိုက်ထိုက်တန်တန်ရရှိခဲ့ခြင်းဖြစ်ရာ မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါကြောင်း။

အခြေခံအုတ်မြစ်

လူမှုရေး ပြုစုပျိုးထောင်မှုသည် အခြားနယ်ပယ်များ တိုးတက်စေရေးအတွက် အခြေခံကျသောလုပ်ငန်းစဉ်တစ်ရပ်ဖြစ်ကြောင်း၊ အနာဂတ်ကို ကြိုတင်ပျိုးထောင်ပေးခြင်း ဖြစ်သကဲ့သို့ အမျိုးသားရေးအဓိပ္ပာယ် ပြည့်လျှမ်းနေသော အမျိုးသားရေးလုပ်ငန်းတစ်ရပ်ဖြစ်သည်ကို ပြောကြားလိုကြောင်း၊ အသင်းကြီး၏ ရည်မှန်းချက်ဖြစ်သော မိခင်နှင့်ကလေးများ၏ ကျန်းမာရေး၊ ပညာရေးနှင့် လူမှုရေးလုပ်ငန်းများ မြင့်မားတိုးတက်စေခြင်းဖြင့် ပြည်သူလူထု၏ဘဝ မြင့်မားစေရေး အခြေခံအုတ်မြစ်ကို ခိုင်ခိုင်မာမာတည်ဆောက်နိုင်မည်ဖြစ်ကြောင်း။

တိုးမြှင့်စည်းရုံး

မြို့နယ်များကို မှာကြားလိုသည်မှာ အသင်းကြီး၏ ရည်မှန်းချက်အောင်မြင်စေရေးအတွက် မိမိတို့မြို့နယ်အသင်းများတွင် ရာသက်ပန်အသင်းဝင် တိုးမြှင့်စည်းရုံးနိုင်အောင် တတ်နိုင်သမျှ ကြိုးစားကြရန်ဖြစ်ကြောင်း၊ ၂၀၀၄ခုနှစ်၏ ရာသက်ပန်အသင်းဝင်ဦးရေသည် နှစ်သိန်းလေးသောင်းကျော်ရှိပြီး သာမန်အသင်းသားပေါင်းသည် လေးသိန်းနှစ်သောင်းနီးပါးခန့် ရှိသည့်အတွက် စုစုပေါင်းဦးရေ ခြောက်သိန်းခြောက်သောင်းကျော်ခန့် ရှိနေကြောင်း၊ မြို့နယ်များအနေဖြင့် အဓိကရည်မှန်းချက်ထားရှိရန်မှာ မြို့နယ်လူဦးရေ၏ ၁၀ရာခိုင်နှုန်းသည် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ရာသက်ပန်အသင်းဝင်ဖြစ်နိုင်ရေးအတွက် ဆောင်ရွက်ကြရန်နှင့် မိမိတို့တွင်ရှိသော ရပ်ကွက်နှင့်ကျေးရွာတိုင်း၌ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲများဖြစ်အောင် တိုးမြှင့်စည်းရုံးကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

(၁၅)ကြိမ်မြောက်မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းကြီး၏ နှစ်ပတ်လည် ညီလာခံတွင် ၂၀၀၅ခုနှစ်အတွင်း ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ရာ၌ နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် သိမ်မွေ့ညင်သာစွာ ကူးပြောင်းနိုင်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်တွင် ပါဝင်ဆောင်ရွက်ရန် ပထမဆုံး ရှေ့လုပ်ငန်းစဉ်အဖြစ် ချမှတ်ခဲ့ပါကြောင်း။

ကြိုးပမ်းဆောင်ရွက်

ထို့ကြောင့် ရန်ကုန်တိုင်းမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများသည် မိခင်နှင့်ကလေးကို ဗဟိုပြုပြီး မိသားစုကို အခြေခံသည့် လူမှုရေးကဏ္ဍဖွံ့ဖြိုးမှုများက တစ်ဆင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန်၊ မိမိနိုင်ငံ မိမိလူမျိုးတို့၏ တည်ငြိမ်ခိုင်မာသော အနာဂတ်နှင့်တကွ အမျိုးသားရေးဂုဏ်သိက္ခာ မြင့်မားခိုင်ကျည်မှု၊ ပြည်ထောင်စုကြီး အစဉ်ထာဝရတည်တံ့ခိုင်မြဲမှုတို့ကို အာမခံ နိုင်မည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်စွာအကောင်အထည် ပေါ်စေရေးအတွက် ကျရာတာဝန်ကို တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန်တို့ကို အလေးအနက်တိုက်တွန်းမှာကြားလိုကြောင်း။

ရန်ကုန်တိုင်း မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများသည် ယခုကဲ့သို့ ကောင်းမြတ်သော အစဉ်အလာကို သမိုင်းတွင်ရစ်စေရန် ဆက်လက်ထိန်းသိမ်းနိုင်ပြီး တိုင်းနှင့်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့များ၏ ကြီးကြပ်ပံ့ပိုးမှုကိုခံယူကာ လုပ်ငန်းများကို တက်ညီလက်ညီ ကြိုးစားလုပ်ဆောင်ကြရန်နှင့် ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဆင့်ဆင့်ကလည်း ဆက်လက်ပံ့ပိုးကူညီဆောင်ရွက်ကြရန်မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍစုံမှ လုပ်ရှားမှုများနှင့် ပတ်သက်၍ရှင်းလင်းပြောကြားသည်။

ဆုများချီးမြှင့်

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ နှစ်ပတ်လည် ထူးချွန်ဆုချီးမြှင့်ပွဲတွင် ဆုရရှိခဲ့ကြသော မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းများအား ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ဘက်စုံလှုပ်ရှားမှု ထူးချွန်ဆု၌ပထမရရှိသော တောင်ဥက္ကလာပမြို့နယ်၊ ဒုတိယရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ ပူးတွဲတတိယရရှိကြသော ကျောက်တန်းမြို့နယ်နှင့် ရွှေပြည်သာမြို့နယ်တို့အား ဆုများအသီးသီး ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ထူးချွန်ဆု၌ ပထမဆုရရှိသော ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒုတိယဆုရရှိသော ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နှင့် တတိယရရှိသော သန်လျင်မြို့နယ်တို့အားလည်းကောင်း၊ လူမှုရေးထူးချွန်ဆု၌ ပထမရရှိသော ဗဟန်းမြို့နယ်၊ ဒုတိယရရှိသော ရန်ကင်းမြို့နယ်နှင့် တတိယရရှိသော မင်္ဂလာဒုံမြို့နယ်တို့အားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပညာရေးလှုပ်ရှားမှု ထူးချွန်ဆု၌ ပထမရရှိသော အလုံမြို့နယ်၊ ဒုတိယရရှိသော ခရမ်းမြို့နယ်နှင့် တတိယ ရရှိသော မင်္ဂလာတောင်ညွန့်မြို့နယ်၊ သားဖွားခန်းဆောင်ရွက်မှု ထူးချွန်ဆု၌ ပထမရရှိသော ဒေါပုံမြို့နယ်၊ ဒုတိယရရှိသော လှိုင်မြို့နယ်နှင့်တတိယရရှိသော မြောက်ဥက္ကလာပမြို့နယ်တို့အား ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ အတွင်းရေးမှူး တိုင်းကျန်းမာရေး ဦးစီးမှူး ဒေါက်တာလှမြင့်က ဆုများပေးအပ်ချီးမြှင့်ပြီး အခမ်းအနား ပထမပိုင်းအစီအစဉ်များကို ခေတ္တရပ်နားသည်။

ဆွေးနွေးတင်ပြ

ယင်းနောက် အခမ်းအနားဒုတိယပိုင်းအစီအစဉ်များကို ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့အတွင်းရေးမှူး တိုင်းကျန်းမာရေး ဦးစီးမှူး ဒေါက်တာလှမြင့်က ၂၀၀၅ ခုနှစ်တွင်ဆောင်ရွက်ရမည့်ရှေ့လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ထို့နောက် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများက ၂၀၀၄ ခုနှစ် လုပ်ငန်းအစီရင်ခံစာများကို ရှင်းလင်းတင်ပြကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေး အစည်းအဝေးတက်ရောက်ရန် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်း ကမ္ဘောဒီးယားသို့ထွက်ခွာ

ရန်ကုန် မေ ၁၈

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်းသည် ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ယိမြို့၌ မေ ၁၉ ရက်တွင်ကျင်းပမည့် ဒေသတွင်း နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးထားသည့် ခြောက်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးဝန်ကြီးအဆင့် အစည်းအဝေးသို့ တက်ရောက်ရန် ယနေ့နံနက် ၉ နာရီ ၅၅ မိနစ်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်းအား နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. Hul Phany၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲရေးချုပ် ရဲမှူးချုပ်စိုးဝင်းမြင့်နှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

ဝန်ကြီးအဆင့် အစည်းအဝေးမတိုင်မီ မေ ၁၅ ရက်မှ ၁၆ ရက်အထိ ကျင်းပမည့် ဒုတိယအကြိမ် အာဆီယံနှင့်တရုတ်မူးယစ်ဆေးဝါးပူးပေါင်းတိုက်ဖျက်ရေး နိုင်ငံတကာညီလာခံ အကြိုညှိနှိုင်းအစည်းအဝေး၊ မေ ၁၇ ရက်မှ မေ ၁၈ ရက်အထိကျင်းပမည့် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးထားသည့် ခြောက်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးအဆင့်မြင့်အရာရှိများအစည်းအဝေးများသို့ မြန်မာနိုင်ငံမှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး ရဲမှူးကြီး ခမ်းအောင်၊ ညွှန်ကြားရေးမှူး (နိုင်ငံတကာ) ရဲမှူးကြီးသိန်းကြည်နှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးညီညီတို့ တက်ရောက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘုရားဖြူ(စာချ)ဆရာတော် ဂုဏ်ပြုပူဇော်ပွဲကျင်းပမည်

ရန်ကုန် မေ ၁၈

၂၀၀၅ခုနှစ် သာသနာတော်ဆိုင်ရာ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသည့် ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် ဘုရားဖြူစာသင်တိုက်၏(ဂဏဝါစက) မြို့နယ် သံဃနာယက၊ တိုင်း သံဃာ့ဝန်ဆောင် ဘဒ္ဒန္တ ပဏ္ဍိတ ဘာတိကာဘိဝံသအား ၁၃၆၇ ခုနှစ် ကဆုန်လဆန်း ၁၄ရက် (မေ ၂၁ရက်) စနေနေ့ နံနက် ၉ နာရီ၌ ဂုဏဝိသိဋ္ဌပူဇာသဘင်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ကြွရောက်ကြည်ညိုကုသိုလ်ယူနိုင်ကြောင်း သိရသည်။

(က–ပ)

ရမည်းသင်းခရိုင် ရေဝေရေလဲစိုက်ခင်းများ စစ်ဆေး

ရန်ကုန် မေ ၁၈

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာန မန္တလေးတိုင်း ညွှန်ကြားရေးမှူး ဦးကျော်စိုးခိုင်သည် ဧပြီ ၂၉ ရက်မှ ၃၀ရက်အထိ သက်ဆိုင်ရာခရိုင်၊ မြို့နယ်များမှ တာဝန်ခံများလိုက်ပါလျက် မန္တလေးတိုင်း ရမည်းသင်းခရိုင်အတွင်းရှိ ၂၀၀၅–၂၀၀၆ခုနှစ် ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးအထောက်အကူပြု တပ်ကုန်းမြို့နယ် လွှတ်ကြိုးဝိုင်း ရေဝေရေလဲစိုက်ခင်းဧက၁၈၃၀၊ ကျေးရွာသုံးထင်းစိုက်ခင်း၁၁၅ဧက၊ အခြားစိုက်ခင်းဧက၆၀၏ ကျင်းတူးပြီးစီးခြင်း၊ ကျင်းဖို့ခြင်းလုပ်ငန်းများ၊ ပျိုးဥယျာဉ်များကို ကြည့်ရှုစစ်ဆေးပြီး ရန်ကုန်–မန္တလေးကားလမ်းဘေးဝဲယာ စိမ်းလန်းစိုပြည်ရေး၊ မြို့နှင့်ကျေးရွာချင်းဆက်လမ်းများ၌ သစ်ပင်စိုက်ပျိုးရေးအတွက် မြေပြုပြင်ခြင်းလုပ်ငန်းများကိုလည်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက် ရေးကော်မတီ ရုံးခန်း (ဗဟန်း ၃လမ်း မှတ်တိုင်အနီး) သို့ ၅၅ ရွှေတောင်ကြား လမ်း ဗဟန်းမြို့နယ်နေ ဒေါက်တာဝင်းမြိုင်၊ ဒေါက်တာစန္ဒာဝင်း၊ သမီးရွှေရည်ဝင်းနှင့် မြရည်ဝင်းတို့က နှစ်ဖက်မိဘများအား အမှူးထား၍ ငွေကျပ် ၅၀၀၀၀၀ကို ဦးစန်မင်း (စာရင်းစစ်)ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အာစရိယပူဇော်ပွဲ

ရန်ကုန် မေ ၁၈

မော်လမြိုင်တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ်မြောက်အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၃၀ရက်(သောကြာနေ့) ကရင်နှစ်သစ်ကူးနေ့ နံနက်၉နာရီတွင် လေဆိပ်အိုအေစစ်ခန်းမ၌ ကျင်းပရန် စီစဉ်ထားရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေထည့်ဝင်လိုသူများနှင့် စိတ်ပါဝင်စားသူများသည် ဥက္ကဋ္ဌဦးရဲမြင့် ဖုန်း–၂၂၅၀၇၆ နှင့် ၂၁၂၁၈၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က–ပ)

နှစ်နိုင်ငံခေါင်းဆောင်ကြီးများ ကြိုးပမ်းအားထုတ်မှုရလဒ်ကြောင့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်ခိုင်မာ

❐ ကျောဖုံးမှ

မြန်မာနိုင်ငံအနေဖြင့် မြန်မာ–ကိုရီးယား နှစ်နိုင်ငံဆက်ဆံရေးကို အထူးအလေးထားပြီး ကိုရီးယားသမ္မတနိုင်ငံအား အာဆီယံ+၃ လုပ်ငန်းစဉ်တွင် အရေးပါသည့် မိတ်ဖက်နိုင်ငံတစ်နိုင်ငံအဖြစ် အသိအမှတ်ပြု ခံယူထားပါသည်။ ကျွန်ုပ်တို့၏ အမျိုးသားဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများတွင် ကိုရီးယားသမ္မတနိုင်ငံမှ စီးပွားရေးနှင့် နည်းပညာအကူအညီ အထောက်အပံ့များပေးအပ်သည့်အတွက် များစွာကျေးဇူးတင်ရှိပါကြောင်းနှင့် မြန်မာနိုင်ငံ၏ ကျန်းမာရေးနှင့် လူမှုရေးကဏ္ဍများတွင် ကိုရီးယားသမ္မတနိုင်ငံ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကူညီထောက်ပံ့မှုများအတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

နှစ်နိုင်ငံစီးပွားရေးအဖွဲ့အစည်းများအကြား ထိတွေ့ဆက်ဆံမှု တိုးတက်လျက်ရှိသည်ကို ကျွန်ုပ်အနေဖြင့် အားရကျေနပ်စွာတွေ့ရှိရပြီး လာမည့်နှစ်များတွင်လည်း ဆက်လက်တိုးတက်သွားမည်ဟု ယုံကြည်မျှော်လင့်ပါသည်။

ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို တိုးမြှင့်ဆောင်ရွက်ရာတွင်လည်းကောင်း၊ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရာတွင်လည်းကောင်း မြန်မာနိုင်ငံသည် ကိုရီးယားသမ္မတနိုင်ငံနှင့်အတူ လက်တွဲဆောင်ရွက်သွားမည် ဖြစ်ပါသည်။

လာမည့်နှစ်များအတွင်းတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားခြင်းအားဖြင့်လည်းကောင်း၊ နှစ်ဖက်နားလည်မှုတိုးမြှင့်သွားခြင်းအားဖြင့် လည်းကောင်း နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မြဲစေနိုင်လိမ့်မည်ဟု ကျွန်ုပ်အနေဖြင့် အပြည့်အဝယုံကြည်ပါသည်။

■ ကျောဖုံးမှ

ဤ နှစ်(၃၀)ပြည့်မြောက်သည့် အခါသမယသည် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်လေးစားမှုနှင့် နားလည်မှုတို့အပေါ်အခြေခံ၍ လက်ရှိချစ်ကြည်ရင်းနှီးပြီး ပူးပေါင်းဆောင်ရွက်မှုရှိသည့် ဆက်ဆံရေးကို ပိုမိုမြင့်မားသောအနေအထားသို့ မြှင့်တင်ပေးမည့် အရှိန်အဟုန်ကို ဖြည့်ဆည်းပေးလျက်ရှိပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် အာဆီယံ–ကိုရီးယားပူးပေါင်းဆောင်ရွက်မှုနှင့် ကိုရီးယား–မြန်မာဆက်ဆံရေးမူဘောင်များအောက်မှ အရှေ့တောင်အာရှဒေသနှင့် အခြားဒေသများအတွင်း ငြိမ်းချမ်းရေး ထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုများအတွက် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်သွားမည်ဟု ကျွန်ုပ်အနေဖြင့် ယုံကြည်ထားပါသည်။

ကျွန်ုပ်အနေဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်သူများအား ဆက်လက်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ထွန်းလင်းတောက်ပသည့် အနာဂတ်အတွက် အလေးအနက်ထား ထပ်လောင်း ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
ရန်ကုန်မြို့
ရက်စွဲ၊ ၂၀၀၅ ခုနှစ်၊ မေလ ၁၉ ရက်။

ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်အုန်းမြင့် အသင်းဝင်များနှင့်တွေ့ဆုံ စည်းရုံးရေးနှင့် ဒေသဖွံ့ဖြိုးရေးကိစ္စများ ဆွေးနွေးမှာကြား

ရန်ကုန် မေ ၁၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်အုန်းမြင့်သည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် မေ ၁၄ ရက်တွင် မော်လမြိုင်သို့ထွက်ခွာ၍ မွန်းလွဲပိုင်းတွင် ကော့ခနိကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကျေးရွာသူ ကျေးရွာသားများနှင့်တွေ့ဆုံပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ကျေးရွာစည်းရုံးရေးမှူးက အသင်းဝင်အဆိုပြုလွှာ ၁၁၉၄ စောင်ကို ပေးအပ်သည်။

ထို့နောက် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးက ကျေးရွာဥက္ကဋ္ဌအား ပညာသင်ထောက်ပံ့ငွေများပေးအပ်ပြီး ဗဟိုအလုပ်အမှုဆောင်က ကျေးလက်ဒေသလမ်းအတွက် အလှူငွေများ ပေးအပ်သည်။

အဆိုပြုလွှာလက်ခံ

ဗဟိုအလုပ်အမှုဆောင်သည် ညနေပိုင်းတွင် ဖားအောက်ကျေးရွာ ဓမ္မဒသီဓမ္မာရုံ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား တွေ့ဆုံမှာကြားပြီး အသင်းဝင်အဆိုပြုလွှာ ၄၁၃၈ စောင်ကို လက်ခံသည်။

မေ ၁၅ ရက် နံနက်ပိုင်းတွင် ချောင်းဆုံမြို့နယ် ရွာလွတ်တိုက်နယ် အထက်တန်းကျောင်း၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံရာ ရေးဦးစွာ ကျေးရွာစည်းရုံးရေးမှူးက ကျေးရွာအတွင်း ဆောင်ရွက်ထားရှိမှုများ၊ လူမှုရေးအသင်းအဖွဲ့များ၏ ဆောင်ရွက်ချက်များကို တင်ပြသည်။

ကြည့်ရှုအားပေး

ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် အသင်းဝင် အဆိုပြုလွှာများကို လက်ခံပြီး ရွာလွတ်တိုက်နယ် ဆေးရုံဓာတ်ခွဲခန်း ဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုအားပေးသည်။

ဗဟိုအလုပ်အမှုဆောင်သည် မွန်းလွဲပိုင်းတွင် ချောင်းဆုံမြို့နယ် ဖဖကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုအားပေး၍ ကျောင်းခန်းမ၌ ကျင်းပသည့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။ ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်သည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် တွေ့ဆုံ၍ စည်းရုံးရေးဆိုင်ရာကိစ္စများကို ရင်းရင်းနှီးနှီး ဆွေးနွေးသည်။

ဖူးမြော်ကြည်ညို

မေ ၁၆ ရက် နံနက်ပိုင်းတွင် သံဖြူဇရပ်မြို့နယ်၌ ကိုယ့်အားကိုယ်ကိုး ကတ္တရာနှင့် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ကြည့်ရှုအားပေးသည်။ အဆိုပါနေ့တွင် အောင်သာရာ ရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၊ ဝါခရကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံနှင့် ကွမ်လျာကျေးရွာ ဘုန်းတော်ကြီးကျောင်းတို့၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးကိစ္စများ ဆွေးနွေးမှာကြားသည်။ ထို့နောက် ဝါခရကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဆရာတော်အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ပိန္နဲတိုက် အထက်တန်းကျောင်းခွဲ၌ ဦးမောင်မောင်တင်နှင့် ဒေါ်ဆွေဆွေဝင်း မိသားစုက ကွန်ပျူတာတစ်စုံနှင့် ကျောင်းအတွက် ရန်ပုံငွေပေးအပ်လှူဒါန်းရာ ဗဟိုအလုပ်အမှုဆောင်နှင့် ကျောင်းအုပ်ကြီးတို့က လက်ခံကြသည်။

ဗဟို အလုပ်အမှုဆောင်သည် ညနေပိုင်းတွင် မုဒုံမြို့ ကွမ်တုံရပ်ရှိ အခြေခံပညာ မူလတန်းကျောင်း ဆောက်လုပ်ပြီးစီးမှု အခြေအနေနှင့် မုဒုံမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကိုယ့်အားကိုယ်ကိုး ပြုပြင်မွမ်းမံ ဆောက်လုပ်နေသော ကျောင်းဆောင်ကိုကြည့်ရှုပြီး လိုအပ်သည်များ ပံ့ပိုးပေးသည်။

တွေ့ဆုံ

ဗဟိုအလုပ်အမှုဆောင်သည် မေ ၁၇ ရက် နံနက်ပိုင်းတွင် မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ် အသင်းအတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များနှင့် တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြို့နယ်အသင်း အတွင်းရေးမှူးများက မိမိတို့မြို့နယ်အလိုက် ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြရာ ဗဟိုအလုပ်အမှုဆောင်က လိုအပ်ချက်များ မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဗဟိုအလုပ်အမှုဆောင်သည် ပေါင်မြို့နယ်နှင့် သထုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးများသို့ ရောက်ရှိပြီး မြို့နယ်အသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံ၍ စည်းရုံးရေးကိစ္စ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အာမခံလုပ်ငန်း ညှိနှိုင်းစည်းဝေး ထူးချွန်ဆုရရှိသူများအား ဆုချီးမြှင့်

ရန်ကုန် မေ ၁၈

မြန်မာ့အာမခံလုပ်ငန်း၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၁၃ ရက် နံနက်က ရန်ကုန်မြို့ ကုန်သည်လမ်းရှိ မြန်မာ့အာမခံရုံးချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက် အမှာစကားပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနလုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာ့အာမခံလုပ်ငန်းမှ ဒုတိယအထွေထွေ မန်နေဂျာများ၊ လက်ထောက်အထွေထွေမန်နေဂျာများ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်ရုံးခွဲ တာဝန်ခံများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက အမှာစကား ပြောကြားသည်။ ထို့နောက် လုပ်ငန်းထူးချွန်ဆုရရှိသည့် ရုံးများအား ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက ဆုများချီးမြှင့်ပေးအပ် **(အပေါ်ဝဲပုံ)**ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မိုးဦးကျနှင့် မိုးရာသီတွင် ဖြစ်ပွားတတ်သော ရောဂါများအတွက် နှိုးဆော်ချက်

၁။ မိုးဦးကျရာသီတွင် အောက်ဖော်ပြပါ ကူးစက်တတ်သောရောဂါများ ပုံမှန်ဖြစ်ပွားလေ့ရှိပါသည်။
- (က) ဝမ်းပျက်၊ဝမ်းလျှောနှင့် ကာလဝမ်းရောဂါများ အပါအဝင် ဝမ်းနှင့်ပတ်သက်သည့် ရောဂါများ၊ အသည်းရောင်အသားဝါရောဂါနှင့် သန်ကောင်၊ တုတ်ကောင်ရောဂါများ၊
- (ခ) သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါ၊
- (ဂ) တုပ်ကွေး၊ နှာစေးချောင်းဆိုးနှင့် အဆုတ်အအေးမိရောဂါ။

၂။ ဖြစ်ပွားရသည့် အကြောင်းရင်းမှာ–
- (က) မိုးဦးကျလာပြီဖြစ်၍ လှိုင်လှိုင်ပေါလာသည့် အချိုဓာတ်ပါသော သရက်သီး၊ ပိန္နဲသီး၊ ဖရဲသီး၊ ကြက်မောက်သီး၊ မင်းဂွတ်သီးစသည့် သစ်သီးဝလံများ၏ အခွံ၊ အစေ့စသည်များကို စည်းကမ်းမဲ့ မဆင်မခြင် စွန့်ပစ်ခြင်းကြောင့် ယင်ပေါက်ဖွား၍ ယင်ပေါများခြင်း၊
- (ခ) ရာသီစာအမှည့်လွန်အသီးများကို စားသုံးခြင်း၊
- (ဂ) မိုးရွာပြီး ရေတင်၊ ရေဝပ်သဖြင့် ရေအိုင်၊ ရေဗွက်ဖြစ်၍ ရေမြောင်းပိတ်ခြင်းနှင့် ချုံနွယ်ပိတ်ပေါင်း ထူထပ်၍ ခြင်ပေါက်ဖွားခြင်း၊
- (ဃ) ရာသီဥတုအပြောင်းအလဲဖြစ်၍ အပူရှပ်ခြင်း၊ အအေးပတ်ခြင်း၊
- (င) ပတ်ဝန်းကျင်သန့်ရှင်းမှုနှင့် တစ်ကိုယ်ရေသန့်ရှင်းမှု နည်းပါးခြင်း၊
- (စ) ကျန်းမာရေးနှင့် ညီညွတ်သည့် အသိပညာနှင့် အလေ့အကျင့် အားနည်းခြင်း၊

၃။ အောက်ဖော်ပြပါတို့ကို လိုက်နာကျင့်သုံးခြင်းဖြင့် ဖော်ပြပါရောဂါများ ကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်တားဆီးနိုင်မည်ဖြစ်ကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- (က) အမှည့်လွန်အသီးများကို စားသုံးခြင်းမှ ရှောင်ကြဉ်ပါ၊
- (ခ) ယင်နားစာများကို မဆင်မခြင် စားသုံးခြင်းမှ ရှောင်ကြဉ်ပါ၊
- (ဂ) စားကြွင်းစားကျန် အမှိုက်သရိုက်များနှင့် အညစ်အကြေးများကို စည်းကမ်းမဲ့ စွန့်ပစ်ခြင်းမှ ရှောင်ကြဉ်ပါ၊
- (ဃ) မိမိတို့ မိသားစုအတွင်း ကျန်းမာရေးအသိပညာဖြန့်ဝေပါ၊ လိုက်နာကျင့်သုံးပါ၊
- (င) တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုလိုက်နာဆောင်ရွက်ပါ၊
- (စ) ရေကို ကျိုချက်၍သောက်ပါ၊
- (ဆ) လတ်ဆတ်သန့်ရှင်းသည့် အသီးအနှံနှင့် အစားအစာများကို ပူပူနွေးနွေး ချက်ပြုတ်စားသုံးပါ၊
- (ဇ) ရာသီဥတု၊ အပူအအေး အပြောင်းအလဲကို သတိရှိပါ၊
- (ဈ) ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းနှင့် ခြင်၊ ယင် နှိမ်နင်းရေးလုပ်ငန်းများကို အမျိုးသားရေးအမြင်ဖြင့် ဝိုင်းဝန်းစုပေါင်းဆောင်ရွက်ပါ၊
- (ည) ရောဂါတစ်မျိုးမျိုး ဖြစ်ပွားပျံ့နှံ့လာပါက ကျန်းမာရေးဌာနသို့ အမြန်ဆုံး သတင်းပို့ပါ၊
- (ဋ) လိုအပ်ပါက နီးရာဆေးပေးခန်း၊ ဆေးရုံများသို့ အချိန်မီသွားရောက်ပြသ စစ်ဆေးကုသမှု ခံယူပါ။

ကျန်းမာရေးဝန်ကြီးဌာန။

မိုးထစ်ချုန်းဖွယ်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

စည်ပင်သာယာရေးအဖွဲ့များ ပြည်သူနှင့်တစ်သားတည်းဖြစ်ရေး လုပ်ငန်းတာဝန်များ ကြိုးကြိုးစားစား အားသွန်ခွန်စိုက်လုပ်ကိုင်

ရန်ကုန် မေ ၁၈

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ယမန်နေ့နံနက် ၉နာရီတွင် ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်းလမ်း အမှတ် ၂၄၅ ရှိ စည်ပင်သာယာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသော စည်ပင်သာယာရေးအဖွဲ့များ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဒုတိယနေ့သို့ တက်ရောက် နိဂုံးချုပ်အမှာစကား ပြောကြားသည်။ (အပေါ်ပုံ)

ဖတ်ကြားတင်ပြ

ရှေးဦးစွာ သုတေသနစာတမ်းများကို ဖတ်ကြားရာ သောက်သုံးရေအား ခတ်ခွဲစမ်းသပ်တွေ့ရှိမှု လေ့လာချက်စာတမ်းအား စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်) အင်ဂျင်နီယာဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးခန့်ဇော်က လည်းကောင်း၊ စက်သုံးဆီအစားအခြားအသုံးပြုနိုင်မည့် နည်းလမ်းများဖြင့် သောက်သုံးရေရရှိမှု စာတမ်းအား စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်စိုးကလည်းကောင်း၊ အောက်ခံမြေကြီး၏ ခံနိုင်စွမ်းအားပေါ်မူတည်ပြီး အသုံးပြုလေ့ရှိသော အုတ်မြစ်များအပေါ် လေ့လာမှု စာတမ်းအား စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်) အင်ဂျင်နီယာဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်အောင်ငွေက လည်းကောင်း၊ နိုင်ငံတကာအဆင့်မီ မြို့ကြီးတစ်မြို့ တည်ဆောက်ရာတွင် မြို့ပြစီမံကိန်းဆိုင်ရာ အလေးထားဆောင်ရွက်ရမည့် စာတမ်းအား ရှမ်းပြည်နယ် (အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမြင့်သိန်းကလည်းကောင်း၊ မြို့ပြစီမံကိန်းအရ ရေဆိုးစွန့်ပစ်ခြင်းနှင့် သန့်စင်မှုဆိုင်ရာ နည်းလမ်းများ စာတမ်းအား ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်ဆွေက လည်းကောင်း ဖတ်ကြားတင်ပြကြသည်။

၎င်းနောက် ဖတ်ကြားခဲ့သည့် စာတမ်းများအပေါ် ဒုတိယညွှန်ကြားရေးမှူးချုပ်(အင်ဂျင်နီယာ)ဦးကျော်က သုံးသပ်ဆွေးနွေးသည်။ ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေက စာတမ်းတစ်ခုချင်းအပေါ် သုံးသပ်ဝေဖန်၍ လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ရှေ့လုပ်ငန်းစဉ်များချမှတ်

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်ဦးမျိုးမြင့်က ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် စည်ပင်သာယာရေးလုပ်ငန်းဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များကို ချမှတ်သည်။

အရည်အသွေးပြည့်ဝရေး

ထို့နောက် ဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော လုပ်ငန်းများကို သုံးသပ်၍ လာမည့်နှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အောင်မြင်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနသည် နိုင်ငံတော်က ချမှတ်ထားသော စီမံကိန်းသုံးရပ်ဖြစ်သည့် နယ်စပ်ဒေသဖွံ့ဖြိုးရေး စီမံကိန်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး(၅)ရပ်စီမံကိန်း၊ အထူးဒေသကြီး(၂၄)ခု စီမံကိန်းတို့တွင် ပါဝင်ဆောင်ရွက်လျက်ရှိရာ စီမံကိန်းကြီးသုံးရပ် အောင်မြင်ရေးအတွက် အမျိုးသားတာဝန်အဖြစ်ခံယူ၍ ကြိုးကြိုးစားစား လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကျေးလက်လမ်းများ အဆင့်မြှင့်တင် ဆောင်ရွက်ရာတွင် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရမှာဖြစ်ကြောင်း၊ ခရိုင်ချင်းဆက်လမ်းများ သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ကျရာ ကဏ္ဍက ကြိုးစားဆောင်ရွက်ရမှာဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူများ လူနေမှုဘဝမြင့်မားအောင် သစ်တောရေးရာ ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နေသော ကျေးလက်စံပြအိမ်ရာများကိုလည်း အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားဖို့ လိုကြောင်း၊ ဝန်ထမ်းတိုင်း ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းလိုက်နာ ဆောင်ရွက်ရမှာဖြစ်ပြီး ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းဘောင်အတွင်းမှ လုပ်ကိုင်ဆောင်ရွက်ရမှာဖြစ်ကြောင်း၊ စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် မိမိတို့ လက်ရှိတာဝန်ယူထားသည့် လုပ်ငန်းများကို ကြိုးကြိုးစားစားနှင့် အားသွန်ခွန်စိုက် လုပ်ကိုင်ကြရမှာဖြစ်ကြောင်း၊ ပြည်သူများနှင့် တစ်သားတည်းဖြစ်ရေးနှင့် လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရာတွင် တစ်နှစ်ထက်တစ်နှစ် အရည်အသွေးပြည့်ဝအောင် ဆောင်ရွက်သွားကြရန် မှာကြားခဲ့ပြီး အစည်းအဝေးကို နေ့လယ်ပိုင်းတွင်ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေတိဂုံစေတီတော် ကဆုန်ညောင်ရေသွန်းမည်

ရန်ကုန် မေ ၁၈

မြတ်ဗုဒ္ဓ၏ ကိုယ်ပွားတော် ပရိဘောဂစေတီတော်ဖြစ်သည့် မဟာဗောဓိညောင်ပင်အား ပူပြင်းခြောက်သွေ့သည့်နွေရာသီတွင်ညောင်ရေသွန်းလောင်းခြင်းဖြင့် လေးမြတ်ကော်ရော်ပူဇော်လှူဒါန်းသော (၂၂)ကြိမ်မြောက် ရွှေတိဂုံစေတီတော် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲကို ၁၃၆၇ခုနှစ် ကဆုန်လပြည့်နေ့ (မေ ၂၂ ရက်) နံနက် ၇ နာရီတွင် ရင်ပြင်တော်အဂ္ဂါထောင့်ရှိ မဟာဗောဓိပင်၌ သြဝါဒါစရိယ ဆရာတော်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဂေါပကအဖွဲ့ရုံး ဝန်ထမ်းများပါဝင်၍ အခမ်းအနားဖြင့် ညောင်ရေသွန်းလောင်းပူဇော်ပွဲကျင်းပမည် ဖြစ်သည်။

ထို့နောက် အခမ်းအနားပြီးဆုံးပါက ဘုရားဖူးပရိသတ်များက ရင်ပြင်တော် ထောင့်လေးထောင့်ရှိ မဟာဗောဓိပင်များတွင် ညောင်ရေသွန်းလောင်း ပူဇော်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နီပေါနိုင်ငံ၏ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူ

ရန်ကုန် မေ ၁၉

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နီပေါနိုင်ငံ၏ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် ဒုတိယဗိုလ်ချုပ်ကြီး(အငြိမ်းစား) ဗစ်ထရီအက်စ်၊ဂျေ၊ဘီရာနာအားခန့်အပ်ရန် အဆိုပြုခြင်းကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူလိုက်ပြီး ဖြစ်သည်။

ဒုတိယဗိုလ်ချုပ်ကြီး(အငြိမ်းစား) ဗစ်ထရီအက်စ်၊ဂျေ၊ဘီရာနာသည် ၁၉၄၅ခုနှစ် ဩဂုတ် ၃ရက်တွင် မွေးဖွားခဲ့သည်။ ၁၉၆၅ခုနှစ် ဩဂုတ်လတွင် နီပေါတပ်မတော်သို့ ဝင်ရောက်ခဲ့သည်။ ၎င်းသည် နီပေါတပ်မတော်တွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့ပြီး နီပေါတပ်မတော်စစ်ဦးစီးချုပ်အဖြစ်မှ ၂၀၀၃ခုနှစ်တွင် အငြိမ်းစားယူခဲ့သည်။ ၎င်းသည် အိမ်ထောင်သည်တစ်ယောက်ဖြစ်ပြီး သားတစ်ယောက်နှင့် သမီးတစ်ယောက်ရှိသည်။ **(သတင်းစဉ်)**

ခရီးသည်နှင့်ကုန်စည်ပို့ဆောင်မှု ပိုမိုကောင်းမွန်ရေးကြိုးပမ်း ရထားလမ်းပိုင်းကြံ့ခိုင်ရေးနှင့် ရထားများလုံခြုံရေးကြပ်မတ်

ရန်ကုန် မေ ၁၈

ရထားပို့ဆောင်ရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်၉နာရီက ရထားပို့ဆောင်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဝန်ကြီးဗိုလ်ချုပ်အောင်မင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် သူရဦးသောင်းလွင်နှင့် ဦးဖေသန်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ပါဝင်ထမ်းဆောင်

အစည်းအဝေးတွင် ဝန်ကြီးက မိမိတို့ ဝန်ကြီးဌာနအပိုင်းမှ တာဝန်ယူဆောင်ရွက်သွားရမည့် စီမံကိန်းလုပ်ငန်းကြီးများ အောင်မြင်တိုးတက်ရေးအတွက် လုပ်ငန်းအလိုက် လျာထားချက်ပြည့်မီကျော်လွန်ရေး၊ အကြံသစ်ဉာဏ်သစ်များဖြင့် ဆောင်ရွက်ကြရန်၊ ငွေကြေးသုံးစွဲရာတွင် လုပ်ထုံးလုပ်နည်းနှင့်အညီ စိစိစစ်စစ်သုံးစွဲရန်၊ စက်သုံးဆီများလေလွင့်မှုမရှိရေးနှင့် အကျိုးရှိရှိသုံးစွဲရေး စီမံကြပ်မတ်ရန်လိုကြောင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရီးသည်၊ ကုန်စည်ပို့ဆောင်ရေးနှင့် ဝန်ဆောင်မှုအပိုင်းကဏ္ဍမှ ပါဝင်ထမ်းဆောင်လျက်ရှိကြောင်း၊ လာမည့်နှစ်တွင် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှု ပိုမိုတိုးတက်ကောင်းမွန်ရေး ကြိုးပမ်းဆောင်ရွက်ရန်နှင့် တစ်မျိုးသားလုံး၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး ဂျီဒီပီ ပြည့်မီစေရေးအတွက် အထူးကြိုးပမ်း ဆောင်ရွက်ရန်လိုကြောင်း။

ခုံကျော်တံတားဆောက်

ရန်ကုန်မြို့တော်ဆင်ခြေဖုံး ခရီးသွားလာမှု လွယ်ကူချောမွေ့စေရေးအတွက် ရန်ကုန်မြို့ပတ်ရထားလမ်းအား တိုးချဲ့ဖောက်လုပ်ပြီး ရထားပြေးဆွဲရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ရထားများ အချိန်မှန်ကန်စွာ ပြေးဆွဲနိုင်စေရေးနှင့် ရထားလမ်းကူးများတွင် မော်တော်ယာဉ်များ အချိန်ကြာမြင့်စွာ စောင့်ဆိုင်းနေရမှုများ မရှိစေရေးတို့အတွက် ခုံးကျော်တံတားများ ဆောက်လုပ်လျက်ရှိရာ ပါရမီ ခုံးကျော်တံတား၊ နာနတ်တောခုံးကျော်တံတားများကို သတ်မှတ်ကာလထက်စောပြီး ဆောက်လုပ်ပြီးစီးတည်ဆောက်ကာ ကျောက်ရေတွင်း ခုံးကျော်တံတားကိုလည်း တည်ဆောက်နေပြီ ဖြစ်ကြောင်း။

နိုင်ငံတော် အကြီးအကဲ၏ လုပ်ငန်းလမ်းညွှန်ချက်နှင့်အညီ မိမိတို့၏ လုပ်ငန်းတာဝန်အသီးသီးကို ထိရောက်အောင်မြင်အောင်၊ အရည်အသွေး ကောင်းအောင် အထူးကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ရန်ကုန်မှ မန္တလေးအကြား ရထားအမြန်နှုန်းများ မြှင့်တင်နိုင်ရန်အတွက် ဒွေးလမ်း ဆက်လက်ဖောက်လုပ်လျက်ရှိပြီး ရထားလမ်းပိုင်း ကြံ့ခိုင်ရေးအတွက် လိုအပ်သော ကွန်ကရစ်ဇလီဖားနှင့် လမ်းခင်းကျောက်များကို ပိုမိုထုတ်လုပ်ထည့်သွင်းသွားရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

အရှိန်အဟုန်မြှင့်တင်

ဘူတာများ၊ ရုံးများ၊ စက်ရုံများ၊ ကုန်ရုံများနှင့်ရထားများ၏ လုံခြုံရေးအတွက် စီမံချက် ရေးဆွဲဆောင်ရွက်ကြပြီး ရုံးချုပ်များကလည်း လက်အောက်ဌာနများ၏ လုံခြုံရေးအတွက် လိုအပ်သည်များကို ပံ့ပိုးပြီး ကြပ်မတ်သွားရန်ဖြစ်ကြောင်း စသည်ဖြင့် လုပ်ငန်းများ အရှိန်မြှင့်တင် အကောင်အထည်ဖော် ဆောင်ရွက်ကြရေးအတွက် မှာကြားသွားသည်။

လိုအပ်ချက်များမှာကြား

ဆက်လက်၍ ဒုတိယဝန်ကြီးသူရဦးသောင်းလွင်နှင့်ဒုတိယဝန်ကြီးဦးဖေသန်းတို့က လုပ်ငန်းရည်မှန်းချက်များ အကောင်အထည်ဖော်နိုင်ရေး အတွက် ယခင်နှစ်အားနည်းချက်၊ အားသာချက်များကို ပြန်လည်သုံးသပ်၍ လာမည့်ကာလတွင် ဦးတည်ဆောင်ရွက်သွားရမည့်လုပ်ငန်းတာဝန်များနှင့်ပတ်သက်၍ လိုအပ်ချက်များကို မှာကြားသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် ဝန်ကြီးသည် ၂၀၀၄-၂၀၀၅ ခုနှစ် အကောင်းဆုံးတိုင်း ပထမဆုရရှိသော တိုင်းအမှတ်(၃)၊ ဒုတိယဆုရရှိသော တိုင်းအမှတ်(၆)နှင့်တတိယဆုရရှိသော တိုင်းအမှတ်(၅)တို့အား လည်းကောင်း၊ ဒုတိယဝန်ကြီး သူရဦးသောင်းလွင်သည် အကောင်းဆုံး စက်ရုံဆုရရှိသော စက်ခေါင်းစက်ရုံ /အင်းစိန်နှင့် သွားလာပို့ဆောင်ရေးဌာနနှင့် စီးပွားရေးဌာနတို့မှ အကောင်းဆုံးစာတမ်းဆု ပထမ၊ ဒုတိယ၊ တတိယရရှိသော အရာထမ်းများအား လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဖေသန်းသည် စက်မှုနှင့် လျှပ်စစ်အင်ဂျင်နီယာဌာနနှင့် မြို့ပြအင်ဂျင်နီယာဌာနတို့မှ အကောင်းဆုံး စာတမ်းဆု ပထမ၊ ဒုတိယ၊ တတိယရရှိသောအရာထမ်းများအားလည်းကောင်း အသီးသီးဆုချီးမြှင့်ပေးကြသည်။ **(သတင်းစဉ်)**

တိမ်ဖြစ်ထွန်းမည်

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ရထား ပို့ဆောင်ရေးဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (ရထား)

စုပေါင်းရှင်ပြု အလှူတော်မင်္ဂလာကျင်းပ

ရန်ကုန် မေ ၁၈

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၂၀)ရပ်ကွက် အောင်ဗောဓိဘုရားရှင်းလင်းဆောင်ခန်းမတွင် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဦးဆောင်၍ ဦးစန်းမောင်-ဒေါ်သန်းစိန် (စိန်စတိုး) မိသားစု၊ ဒေါက်တာဦးလှသိန်း-ဒေါ်ရီ(ထိုက်) မိသားစုနှင့် အခြား အလှူရှင်များ စုပေါင်း၍ (၂၀)ရပ်ကွက်အတွင်းမှ ကိုရင်မသား၂၄ဦးတို့အား သာမဏေ ဘောင်အတွင်း သွတ်သွင်းချီးမြှင့်ခြင်းကို မေ ၁၇ ရက်က ကျင်းပခဲ့ရာ ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းပြီး ရေစက်သွန်းချ အမျှပေးဝေကြောင်း သိရသည်။ **(က-ပ)**

နေ့အပူချိန်များ သိသာစွာတိုးလာ နေရာကွက်၍ လေပြင်းများ တိုက်နိုင်

ရန်ကုန် မေ ၁၈

အနောက်တောင်မုတ်သုံလေ မကျရောက်မီကာလအတွင်း မြန်မာနိုင်ငံ အရပ်ရပ်တို့တွင် နေ့အပူချိန်များ သိသိသာသာတိုးတက်လာမည်ဖြစ်ရာ မွန်းလွဲ၊ ညနေပိုင်းတို့၌ အချို့နေရာများတွင် နေရာကွက်၍ လေပြင်းများ တိုက်ခတ်နိုင်သည်။ လေပြင်းကျစဉ် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ မိုင် ၅၀အထိ ခေတ္တမျှတိုက်ခတ်နိုင်ပြီး တစ်ခါတစ်ရံ မိုးသက်လေပြင်းနှင့်အတူ မိုးသီးကြွေခြင်းများဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ယနေ့ထုတ်ပြန်ကြေညာထားသည်။

ဘန်ဒေါင်းစိတ်ဓာတ်အရင်းခံ၍ အာရှ-အာဖရိက ပူးပေါင်းဆောင်ရွက်ရေး

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အာရှ-အာဖရိကနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများ ဘန်ဒေါင်းမြို့ မာဒေးကားအဆောက်အအုံ၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

ဦးခော်

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဦးဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် အင်ဒိုနီးရှားနိုင်ငံသို့ သွားရောက်၍ ဂျကာတာ မြို့တော်၌ ဧပြီလ၂၂ရက်မှ၂၃ရက်နေ့အထိ နှစ်ရက်ကြာ ကျင်းပခဲ့သည့် ၂၀၀၅ခုနှစ် အာရှ-အာဖရိက ထိပ်သီးညီလာခံကို လည်းကောင်း၊ ဧပြီလ၂၄ ရက်နေ့၌ ဘန်ဒေါင်းမြို့တွင် ကျင်းပခဲ့သော ၁၉၅၅ခုနှစ် အာရှ-အာဖရိက ဘန်ဒေါင်းကွန်ဖရင့် အထိမ်းအမှတ် ရွှေရတုအခမ်းအနားကိုလည်းကောင်း တက်ရောက်ခဲ့ကြသည်။ ဘန်ဒေါင်းကွန်ဖရင့်၊ ဘန်ဒေါင်းစိတ်ဓာတ်ကို မှတ်မှတ်ရရ ပြန်လည် ဖော်ထုတ်ဂုဏ်ပြုရင်း အာရှ-အာဖရိကတိုက်ကြီးနှစ်တိုက်မှ ထိပ်သီးခေါင်းဆောင်များသည် အနာဂတ်အတွက် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများကို ညှိနှိုင်းဆွေးနွေးကြခြင်း ဖြစ်သည်။

အာရှ-အာဖရိက ထိပ်သီးညီလာခံသို့ အာရှနိုင်ငံပေါင်း ၅၄နိုင်ငံ၊ အာဖရိက နိုင်ငံပေါင်း ၅၂ နိုင်ငံ၊ နိုင်ငံပေါင်း ၁၀၆နိုင်ငံတို့မှ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့ အကြီးအကဲများ၊ အစိုးရအဖွဲ့တို့မှကိုယ်စားလှယ်တော်များ၊ ထို့အပြင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်တို့ပါ တက်ရောက်ခဲ့ကြသည်။ ချမ်းသာသောနိုင်ငံ၊ ဆင်းရဲသောနိုင်ငံ၊ နိုင်ငံကြီး၊ နိုင်ငံလတ်၊ နိုင်ငံငယ် စုံလင်သည်။

အာရှ-အာဖရိကတိုက်နှစ်တိုက်မှ လူဦးရေသည် သန်း ၄၆၀၀ ခန့်ရှိသဖြင့် ကမ္ဘာ့လူဦးရေ၏ ၇၃ ရာခိုင်နှုန်းကျော်ကို ကိုယ်စားပြုသည်။ နိုင်ငံအလိုက် ထုတ်လုပ်မှုတန်ဖိုး(ဂျီဒီပီ)တို့ကို ပေါင်းစုလိုက်လျှင် အမေရိကန် ဒေါ်လာ ၉ ဒသမ ၃ ထရီလီယံခန့် ရှိပြန်သည်။ ကိန်းဂဏန်းစာရင်းများကို အပေါ်ယံကြည့်လျှင် အားရစရာပင်ဖြစ်သည်။ သို့ရာတွင် လက်တွေ့ဘဝ၌ အာရှ-အာဖရိကနိုင်ငံအများစုသည် လွတ်လပ်ရေး ရပင်ရငြားသော်လည်း ကိုလိုနီနယ်ချဲ့စနစ်၏ ကာလရှည်ကြာစွာ သွေးစုပ်ခြယ်လှယ်မှုနှင့် သွေးခွဲအုပ်ချုပ်ခဲ့မှုတို့၏ ဒဏ်ရာဒဏ်ချက်များကြောင့်လည်းကောင်း၊ ချမ်းသာသော နိုင်ငံကြီးများ၏ စေတနာမမှန်သော ပယောဂများနှင့် မလောက်မငသော ကူညီထောက်ပံ့မှုတို့ကြောင့်လည်းကောင်း၊ မိမိတို့၏ ကိုယ်ပိုင်အားနည်းချက်များကြောင့်လည်းကောင်း၊ ဆင်းရဲနွမ်းပါးမှု၊ စာမတတ်မှု၊ရောဂါဘယထူပြောမှုစသည့် လူမှုစီးပွားရေး ဒုက္ခများအပြင် နိုင်ငံရေးမတည်ငြိမ်မှုမှသည် လက်နက်ကိုင်သောင်းကျန်းမှုများအထိ ကျယ်ပြန့်သောနိုင်ငံရေး ပြဿနာများကိုပါ ရင်ဆိုင်ဖြေရှင်းနေကြရဆဲဖြစ်သည်။

လွန်ခဲ့သော နှစ်ပေါင်း(၅၀)ကျော်က ကမ္ဘာ့အခြေအနေကို ပြန်ကြည့်လျှင် ဗြိတိန်၊ ပြင်သစ်၊ ဒတ်ချ်၊ ဘယ်လ်ဂျီယံ စသည့် ကိုလိုနီနိုင်ငံကြီးများသည် ကိုလိုနီနယ်မြေများကို လက်မလွှတ်နိုင်သေးဘဲ နည်းအမျိုးမျိုးဖြင့် ထိန်းကိုင်နေဆဲဖြစ်သဖြင့် လွတ်လပ်ရေးရရှိရန် ကိုလိုနီနိုင်ငံငယ်များက ကြိုးပမ်းအား ထုတ်နေရချိန်ဖြစ်သည်။ ထို့ပြင် ဒုတိယကမ္ဘာစစ်ကြီးအပြီး၌ အမေရိကန်ဦးဆောင်သော အနောက်အုပ်စုနှင့် ဆိုဗီယက်ပြည်ထောင်စု ဦးဆောင်သော အရှေ့အုပ်စုတို့အကြား စစ်အေးတိုက်ပွဲအရှိန်မှာ ပြင်းထန်ခက်ထန်နေချိန်ဖြစ်သည်။ ထိုအချိန်၌ လွတ်လပ်ရေးရခါစ မြန်မာနိုင်ငံ အပါအဝင် လွတ်လပ်ခါစ နိုင်ငံများအဖို့ စစ်အေးတိုက်ပွဲမှ လွတ်မြောက်မှသာ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိန်းသိမ်းနိုင်ကြမှာဖြစ်သကဲ့သို့ နိုင်ငံကြီးများ၏ အခြွေအရံနိုင်ငံ၊ ဩဇာခံနိုင်ငံ အဖြစ် မကျရောက်မှာဖြစ်သည်။

ဘန်ဒေါင်း

ထိုသို့သော နိုင်ငံတကာအခြေအနေ၌ နိုင်ငံရေးအရ နီးကြားနေသည့် မြန်မာ၊ အိန္ဒိယ၊ သီရိလင်္ကာ၊ အင်ဒိုနီးရှား၊ ပါကစ္စတန် စသည့် ငါးနိုင်ငံမှ ခေါင်းဆောင်များသည် ၁၉၅၄ခုနှစ် ဧပြီလတွင် သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့၌ တွေ့ဆုံပြီး အာရှ-အာဖရိကနိုင်ငံများ ကွန်ဖရင့်ကိုကျင်းပရန် စတင်ဆွေးနွေးခဲ့ကြသည်။ ထို့နောက် ၁၉၅၅ခုနှစ်ဧပြီလ၌ အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားရှိ ဘန်ဒေါင်းမြို့တွင် အာရှ-အာဖရိကနိုင်ငံများ၏ ပထမဆုံးကွန်ဖရင့်ကြီးကို သမိုင်းဝင် ကျင်းပနိုင်ခဲ့သည်။

ယင်းကွန်ဖရင့်ကြီးသို့ မြန်မာနိုင်ငံပါဝင်သည့် အာရှတိုက်နိုင်ငံပေါင်း ၂၆နိုင်ငံနှင့် အာဖရိကတိုက်မှ သုံးနိုင်ငံ၊ နိုင်ငံပေါင်း ၂၉ နိုင်ငံမှ ခေါင်းဆောင်များ တက်ရောက်ခဲ့ကြသည်။ ထိုအချိန်၊ ထိုကာလ၌ နိုင်ငံပေါင်း၂၉ နိုင်ငံမှ ကိုယ်စားလှယ်တို့ပါဝင်သည့် ဤကဲ့သို့သော အစည်းအဝေးမျိုးမှာ ရှားရှားပါးပါး ရှိတောင့်ရှိခဲဖြစ်သည်။ ထို့ကြောင့်လည်း အာရှ-အာဖရိကနိုင်ငံများ၏ ပထမအကြိမ် သမိုင်းဝင်စုစည်းမှုကို ဘန်ဒေါင်းကွန်ဖရင့်အဖြစ် လူသိများခဲ့ခြင်း ဖြစ်သည်။ ဘန်ဒေါင်းကြေညာချက်သည် လွတ်လပ်ရေးရရှိရန် ကြိုးပမ်းနေသော နိုင်ငံများကိုရော လွတ်လပ်ရေးရခါစနိုင်ငံများကိုပါ စိတ်ဓာတ်ရေးရာအရ ထိရောက်စွာ အားပေးမြှင့်တင်နိုင်သည်။ လွတ်လပ်သော နိုင်ငံသစ်များ ပေါ်ထွက်လာခဲ့သည့်နည်းတူ တတိယနိုင်ငံများဟုခေါ်တွင်သည့် ကမ္ဘာ့နိုင်ငံကြီးများ၏ စစ်အေးတိုက်ပွဲမှ လွတ်အောင်ရုန်းထွက်သော ဘက်မလိုက်အင်အားစုကိုလည်း စတင် သန္ဓေတည်နိုင်ခဲ့သည်။

ဘန်ဒေါင်းညီလာခံက ချမှတ်လိုက်သော နိုင်ငံတကာ ဆက်ဆံရေးမူကြီး ၁၀ချက်ကို ကမ္ဘာ့အုပ်စုဝင်နိုင်ငံကြီးများသည် ငြင်းပယ်နိုင်အား မရှိ၊ အသိအမှတ်ပြု လက်ခံရသည်အထိ ထိရောက်အောင်မြင်ခဲ့သည်။

၂၀၀၅ခုနှစ် အာရှ-အာဖရိက ထိပ်သီးညီလာခံ

အာရှ-အာဖရိက ထိပ်သီးညီလာခံသို့ နိုင်ငံပေါင်း၁၀၆နိုင်ငံ တက်ရောက်သည်အထိ အင်အားတိုးပွားနေပြီဖြစ်သည်။ ဤသည်မှာလည်း ညီလာခံကို ပူးတွဲတာဝန်ခံကျင်းပသော အင်ဒိုနီးရှားနိုင်ငံနှင့် တောင်အာဖရိကနိုင်ငံတို့၏ ကြိုးပမ်းဆောင်ရွက်မှုတို့ကြောင့် ဖြစ်သကဲ့သို့ နိုင်ငံပေါင်း၂၉ နိုင်ငံဖြင့် စတင်လှုပ်ရှားခဲ့သည့် ဘန်ဒေါင်းညီလာခံ၏မူများ၊ ဘန်ဒေါင်းစိတ်ဓာတ်များ၏ လှုံ့ဆော်ရှင်သန် အကျိုးပြုမှုများကြောင့်လည်းဖြစ်သည်။

ဘန်ဒေါင်းညီလာခံက နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးရေး၊ ပူးပေါင်း ဆောင်ရွက်ရေး၊ တန်းတူရည်တူရှိရေး၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး စသည့် နိုင်ငံတကာဆက်ဆံရေး မူကြီးများကို ခိုင်ခိုင်မာမာချမှတ်ပေးနိုင်ခဲ့သည်မှာ သမိုင်းမှတ်တမ်းဝင်၍ သမိုင်းတွင်ခဲ့ပြီး ဖြစ်သည်။

ရှင်သန်နေဆဲဖြစ်သည့် ဘန်ဒေါင်းမူကြီးများကို လိုက်နာရင်း အာရှ-အာဖရိက တိုက်ကြီးနှစ်တိုက်အကြား ခိုင်မာသည့် မဟာဗျူဟာ မိတ်ဖက်သစ်ကို လက်တွေ့ကျ၍ ရေရှည်အကျိုးဖြစ်ထွန်းနိုင်သော ပူးပေါင်း ဆောင်ရွက်မှုများဖြင့် ဆက်လက်ထူထောင်သွားကြရမှာဖြစ်။

နှစ်ပေါင်း(၅၀)အကြာ ယနေ့အခြေအနေ၌ အာရှ-အာဖရိက ကိုလိုနီနိုင်ငံအားလုံး လွတ်လပ်ရေးရခဲ့ကြသည်။ ကမ္ဘာ့အုပ်စုကြီး နှစ်ခု၏ စစ်အေးတိုက်ပွဲကာလမှာ ဥရောပဆိုရှယ်လစ်နိုင်ငံများ ပြိုကွဲမှုနှင့်အတူ လွန်မြောက်သွားပြီး နိုင်ငံကြီးတစ်နိုင်ငံကသာ မဟာအင်အားကြီးနိုင်ငံအဖြစ် ရပ်တည်လွှမ်းမိုးလာသည်။ အကြမ်းဖက်ဝါဒ ပေါ်ပေါက်လာမှု၏ ဆိုးကျိုးအဖြစ် နိုင်ငံများ၏ နယ်နိမိတ်တည်တံ့မှုနှင့် အချုပ်အခြာအာဏာ ပိုင်ဆိုင်မှုတို့ကို ကျူးကျော်ထိခိုက်သည့် ဖြစ်ရပ်ဆိုးများဖြစ်ပေါ်လာသည်။ ဒီမိုကရေစီရေးနှင့် လူ့အခွင့်အရေး အကြောင်းပြချက်များဖြင့် နိုင်ငံတကာမျက်နှာစာ၌ ဖိအားပေးမှုများနှင့် အကျပ်ကိုင်မှုများကို လိုလျှင်လိုသလို တစ်ဖက်

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်

သတ် ကျင့်သုံးလာမှုများ ရှိလာသည်။ တစ်ချိန်တည်းမှာပင် နိုင်ငံအချင်းချင်းအကြား ဆင်းရဲချမ်းသာ ကွာဟမှုမှာလည်း ကြီးမားနေလျက်ပင်ရှိသည်။

ဖွံ့ဖြိုးဆဲနိုင်ငံအများစု၌ ဆင်းရဲနွမ်းပါးမှု၊ ခေတ်ပေါ်ရောဂါဆိုးများ အပါအဝင် ရောဂါဘယမျိုးစုံဖြစ်ပွားမှု၊ သန့်ရှင်းသောသောက်သုံးရေရှားပါးမှု၊ ပညာရည်အဆင့်အတန်း နိမ့်ကျမှုစသည့် လူမှုစီးပွားရေးဒုက္ခများကို ဆက်လက် ရင်ဆိုင်ဖြေရှင်းနေကြရဆဲဖြစ်သည်။

ထို့ကြောင့် ၁၉၅၅ခုနှစ် ကမ္ဘာ၌ ကိုလိုနီစနစ်ဆိုးမှ လွတ်မြောက်ရေးနှင့် စစ်အေးတိုက်ပွဲမှ လွတ်ကင်းအောင် နေထိုင်ရေးတို့သည် လွတ်လပ်ခါစ နိုင်ငံငယ်များအတွက် စိန်ခေါ်မှုများဖြစ်ခဲ့သည်မှာ အမှန်ပင်ဖြစ်သော်လည်း ယနေ့ ပြောင်းလဲလာသည့် မျက်မှောက်ခေတ်ကမ္ဘာ၌ နိုင်ငံတိုင်းဂုဏ်သိက္ခာရှိရှိ၊ လုံခြုံစိတ်ချမှုရှိရှိ အေးချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး ဖြစ်သကဲ့သို့ သက်ဆိုင်ရာ ပြည်သူများအတွက် လူနေမှုဘဝ ပြည့်စုံလုံခြုံမှု (Quality of Life) ရရှိရေးတို့မှာ လိုအပ်ချက်ဖြစ်လာသည်။

ထို့ကြောင့်လည်း နိုင်ငံတော်အကြီးအကဲ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ထိပ်သီးညီလာခံကြီးတွင် မိန့်ခွန်းပြောကြားရာ၌–

"ဘန်ဒေါင်းညီလာခံကြီးကို မူလ စတင်တက်ရောက်ခဲ့ကြတဲ့ နိုင်ငံ (၂၉)နိုင်ငံထဲမှာ ပါခဲ့တဲ့အတွက် မြန်မာနိုင်ငံအနေနဲ့ ဂုဏ်ယူမိပါတယ်။ ညီလာခံဖြစ်မြောက်ရေးအတွက် စည်းရုံးလှုပ်ရှားခဲ့တဲ့ ကိုလံဘို ငါးနိုင်ငံစာရင်းမှာ ပါဝင်ခဲ့ရတဲ့အတွက်လဲ ဂုဏ်ယူကြောင်း ပြောကြားလိုပါတယ်

"ဘန်ဒေါင်းညီလာခံကချမှတ်ခဲ့တဲ့ အခြေခံမူ(၁၀)ချက်ဟာ ကျွန်တော်တို့လို ဖွံ့ဖြိုးဆဲနိုင်ငံများ အားလုံးအတွက် အစဉ် တန်ဖိုးထားရမယ့် မူကြီးများအဖြစ် သမိုင်းဝင်နေမှာဖြစ်တယ်။ အဲဒီအခြေခံမူကြီး (၁၀)ချက်ကို ကျွန်တော်တို့တစ်တွေဟာ အစဉ်စောင့်ထိန်းလိုက်နာသွားကြဖို့လဲ တိုက်တွန်းလိုပါတယ်

"ယနေ့ ကမ္ဘာကြီးဟာ ၁၉၅၅ ခုနှစ်ကထက် များစွာပြောင်းလဲနေပြီ ဖြစ်ပါတယ်။ အာရှ–အာဖရိကနိုင်ငံအားလုံး လွတ်လပ်ရေးရခဲ့ကြပြီး ရှေ့ဆက်လျှောက်လှမ်းနိုင်ခဲ့တာဟာ ကျေနပ်ဖွယ် အလွန်ကောင်းပါတယ်

"ဒါပေမယ့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနဲ့ လူသားများလုံခြုံမှုမရှိဘဲ နိုင်ငံရေး လွတ်လပ်မှုရခြင်းဟာ ပိုမိုမျှတတဲ့ ကမ္ဘာကြီးကိုလိုလားတဲ့ ကျွန်တော်တို့ ပြည်သူများရဲ့ မျှော်မှန်းချက်များကို အပြည့်အဝ ဖြည့်ဆည်းမပေးနိုင်ခဲ့ပါ"

ဟူ၍ ဘန်ဒေါင်းညီလာခံ၏ အရေးပါမှုနှင့် ပိုမိုတရားမျှတသော ကမ္ဘာကြီး ဖြစ်ပေါ်ရေးဆိုသည့် လူသားများ၏ မျှော်လင့်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

ညီလာခံသို့ တက်ရောက်လာကြသော နိုင်ငံအသီးသီးမှ ခေါင်းဆောင်များကလည်း ရရှိသောအချိန်ကာလအတွင်း မိန့်ခွန်းများ ပြောကြားကြသည်။ ညီလာခံကျင်းပနေစဉ် နှစ်ရက်အတွင်း သီးခြားအချိန်ရှာကြပြီး ခေါင်းဆောင်အချင်းချင်းလည်း တွေ့ဆုံဆွေးနွေးကြသည်။ မြန်မာနိုင်ငံခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ကိုဖီအာနန်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတမစ္စတာဟူကျင်တောင်၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူဆီလို ဘန်ဘန်း ယူဒိုယူနိုတို့နှင့် တစ်ဦးချင်း တွေ့ဆုံဆွေးနွေးခဲ့သလို ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ကိုအိဇုမိ၊ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်းလုံးတို့နှင့်လည်း တစ်ဦးချင်း သီးခြားစီ တွေ့ဆုံနှုတ်ဆက်ခဲ့သည်။

၂၀၀၅ခုနှစ် အာရှ–အာဖရိက ထိပ်သီးညီလာခံသည် အကျိုး ဖြစ်ထွန်းသော သမိုင်းဝင်ညီလာခံကြီး ဖြစ်သည်။ ညီလာခံကြီးက အာရှ–အာဖရိက မဟာဗျူဟာ မိတ်ဖက်သစ်ကြေညာချက် (Declaration on a "New Asian-African Strategic Partnership")နှင့် ဆူနာမီဘေးအန္တရာယ်ဆိုင်ရာ ကြေညာချက်တို့ကို အတည်ပြုနိုင်ခဲ့သည်။

မဟာဗျူဟာမိတ်ဖက်သစ်သည် အာရှ–အာဖရိက နိုင်ငံများအကြား နိုင်ငံရေးအရ သွေးစည်းညီညွတ်ရေး၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးနှင့် လူမှုရေး–ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်ရေးတို့အတွက် တပ်လှန့်နှိုးဆော်ထားပြီး ဒေသနှစ်ခုလုံး၌ ဆင်းရဲနွမ်းပါးမှု လျော့နည်းကျဆင်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ကြရန် ဖော်ညွှန်းထားသည်။

ထို့ပြင် အာရှ–အာဖရိက ထိပ်သီးညီလာခံကို လေးနှစ်တစ်ကြိမ် ကျင်းပသွားရန်နှင့် နောက်တစ်ကြိမ် ထိပ်သီးညီလာခံကို တောင်အာဖရိကနိုင်ငံ၌ ကျင်းပရန် သဘောတူညီခဲ့ကြသည်။

၁၉၅၅ခုနှစ် အာရှ–အာဖရိက ဘန်ဒေါင်းကွန်ဖရင့်သည် အနှစ်(၅၀)ကြာသည့်တိုင်အောင် ရှင်သန်အကျိုးသက်ရောက်နေသကဲ့သို့ ၂၀၀၅ခုနှစ် အာရှ–အာဖရိကထိပ်သီးညီလာခံသည် အာရှ–အာဖရိက ဒေသနှစ်ခုအကြား အပြန်အလှန်နားလည်မှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်အောင် အားပေးအထောက်အကူပြုနိုင်မှာ ဖြစ်သည်။

ယင်းကိစ္စနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြောကြားသည့် မိန့်ခွန်း၌–

"ဘန်ဒေါင်းအသိစိတ်ဓာတ်ဟာ ဆက်လက်စပ်ဆိုင်နေပြီး ဒေသနှစ်ခုအကြား နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုအတွက် အင်အားတစ်ရပ်အဖြစ် ရှိနေဆဲဖြစ်ပါတယ်။ ဒေသဆိုင်ရာဆွေးနွေးမှုနဲ့ ပူးပေါင်းဆောင်ရွက်မှု တို့အတွက် ထိရောက်ပြီး ရေရှည်တည်တံ့တဲ့ ယန္တရားတစ်ခုထူထောင်ဖို့ ကျွန်တော်တို့အနေနဲ့ ခုချိန်ခါမှာ ဝိုင်းဝန်းကြိုးပမ်းဖို့ လိုအပ်ပါတယ်"

ဟု ပါရှိပြီးဖြစ်ရာ **ရှင်သန်နေဆဲ ဖြစ်သည့် ဘန်ဒေါင်းမူကြီးများကို လိုက်နာရင်း အာရှ–အာဖရိက တိုက်ကြီးနှစ်တိုက်အကြား ခိုင်မာသည့် မဟာဗျူဟာ မိတ်ဖက်သစ်ကို လက်တွေ့ကျ၍ ရေရှည်အကျိုးဖြစ်ထွန်းနိုင်သော ပူးပေါင်း ဆောင်ရွက်မှုများဖြင့် ဆက်လက်ထူထောင်သွားကြရမှာဖြစ်** ကြောင်း တင်ပြလိုက်ရပါသည်။ ။

ကမ္ဘာတစ်လွှား အားကစား

ပရီမီယာလိဂ်ထိပ်သီး အာဆင်နယ်နှင့် မန်ယူ အက်ဖ်အေဖလားဗိုလ်လုပွဲ၌ တွေ့ကြုံမည်

လန်ဒန် မေ ၁၈

အက်ဖ်အေဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို မေ ၂၁ ရက်တွင် မန်ချက်စတာယူနိုက်တက်အသင်းနှင့် အာဆင်နယ်အသင်းတို့ မီလီနီယမ်ကွင်းကြီး၌ ယှဉ်ပြိုင်ကစားကြတော့မည် ဖြစ်သည်။

မန်ချက်စတာယူနိုက်တက်အသင်းသည် ယမန်နှစ် အက်ဖ်အေဖလားချန်ပီယံပီပီ ၎င်း၏သရဖူကို အကြိတ်အနယ် ကာကွယ်သွားဖွယ်ရှိသည်။

မန်ချက်စတာယူနိုက်တက်အသင်းသည် အကြိုဗိုလ်လုပွဲတွင် နယူးကာဆယ်အသင်းကို လေးဂိုး–တစ်ဂိုး ဖြင့်နိုင်ပြီး ဗိုလ်လုပွဲသို့ ရောက်ရှိလာခြင်းဖြစ်သည်။

အက်ဖ်အေဖလား ပွဲစဉ်တစ်လျှောက် မန်ချက်စတာယူနိုက်တက်အသင်းတွင် ခရစ္စတီယာနိုရိုနယ်လ်ဒို၊ ရွန်နီ၊ ပေါလ်စ်ခိုး၊ နစ္စတယ်ရွိုင်း၊ ရွိုင်းကိန်းတို့သည် ဂိုးသွင်းစံချိန်ယူနေသော မန်ယူကစားသမားများ ဖြစ်ကြသည်။

မန်ချက်စတာယူနိုက်တက်အသင်းသည် အဝေးကွင်း သွားရောက်ကစားမည်ဖြစ်ရာ လွန်ခဲ့သော ငါးပွဲက လေးပွဲနိုင်ထား၍ အဝေးကွင်းရလဒ်ကောင်းနေသည်။

မန်ယူအသင်းမန်နေဂျာ အလက်ဖာဂူဆန်လည်း အက်ဖ်အေဖလားကို ကာကွယ်သွားနိုင်ရေးအတွက် သူ၏အသင်းသားများကို အားပေးစကားပြောသလို မန်ယူ နောက်တန်းလူ ဂယ်ရီနဗီးလ်က အက်ဖ်အေဖလား ဗိုလ်စွဲနိုင်ရေးမှာ သံသယမရှိဟု ပြောဆိုထားသည်။

မိမိတို့အသင်းသားများ အားလုံးသည် အက်ဖ်အေဖလားဗိုလ်စွဲနိုင်ရေးအတွက် ပြင်ဆင်နေမှုများ၊ လေ့ကျင့်မှုများ စုစည်း၍ တက်ကြွစွာဖြင့် လုပ်ဆောင်နေပြီဖြစ်ကြောင်း ၎င်းက ထပ်လောင်း ပြောကြားသည်။

အာဆင်နယ်ကြိုးပမ်း

ထို့အတူ အာဆင်နယ်အသင်းသည်လည်း အက်ဖ်အေဖလား အကြိုဗိုလ်လုပွဲတွင် ဘလက်ဘန်းအသင်းကို သုံးဂိုး–ဂိုးမရှိဖြင့်နိုင်ပြီး ဗိုလ်လုပွဲသို့ တက်လှမ်းလာနိုင်ခဲ့ခြင်း ဖြစ်သည်။

အာဆင်နယ်အသင်းသည် ယခုနှစ် ဘောလုံးရာသီတွင် ပရီမီယာလိဂ်ဖလားကိုမရသော်လည်း အက်ဖ်အေဖလားရရှိရန် အာဆင်ဝင်းဂါးက ကြိုးစားလိမ့်မည် ဖြစ်သည်။

အာဆင်နယ်အသင်းသည် ၁၉၃၀ ပြည့်နှစ်မှ ၂၀၀၃ ခုနှစ်အတွင်း အက်ဖ်အေဖလားချန်ပီယံ ကိုးကြိမ်ဆွတ်ခူးနိုင်ခဲ့သည့် အစဉ်အလာရှိသော အသင်းကြီး ဖြစ်သည်။

၂၀၀၃ ခုနှစ်ကရရှိခဲ့သော အက်ဖ်အေဖလားကို မန်ယူတို့က ၂၀၀၄ ခုနှစ်တွင် လုယူသွားခြင်းဖြစ်သည်။ ၂၀၀၅ ခုနှစ်တွင် အက်ဖ်အေချန်ပီယံဖြစ်ရန် အာဆင်ဝင်းဂါးက အပြည့်အဝ ယုံကြည်ထားသည်။

အက်ဖ်အေဖလားတွင် ဗန်ပါဆီ၊ ရောဘတ်ပီယက်စ်၊ ယွန်းဘတ်၊ ရီးယက်စ်၊ ပက်ထရစ်ဗီယာရာတို့သည် ထိပ်တန်းဂိုးသွင်းရှင်အဖြစ် ခံယူထားသူများ ဖြစ်သည်။

သို့ရာတွင် အက်ဖ်အေဖလား ဗိုလ်လုပွဲနွှဲရန် အားခဲနေသော အွန်နရီ တစ်ယောက် ပါဝင်ကစားရန် မသေချာဘဲရှိသည်။

အာဆင်နယ်အသင်းသည် လွန်ခဲ့သော ငါးပွဲက အိမ်ကွင်း၌ လေးပွဲ အနိုင်ရရှိထားသော အသင်းဖြစ်သည်။ မန်နေဂျာ အာဆင်ဝင်းဂါးလက်ထက်တွင် အာဆင်နယ်တို့ လေးကြိမ်မြောက် အက်ဖ်အေချန်ပီယံ ဖြစ်ခဲ့ပြီဖြစ်သည်။

မေ ၂၁ ရက်တွင် မန်ယူနှင့် အာဆင်နယ်တို့ သူနိုင်ကိုယ်နိုင် အကြိတ်အနယ် အက်ဖ်အေဖလားကို လုကြတော့မည်ဖြစ်သည်။

မန်ယူက ချန်ပီယံသရဖူကို ဆက်လက်ထိန်းမည်လား၊ အာဆင်နယ်က မန်ယူထံမှ အက်ဖ်အေဖလားကို ပြန်လည်ရယူနိုင်မည်လားဆိုသည့် အဖြေမှာ ပြိုင်ပွဲက အဆုံးအဖြတ်ပေးပေလိမ့်မည်။ **(အင်တာနက်)**

အောင်ပွဲခံ မန်ယူအသင်း

၂၀၀၄ ခုနှစ် မေလက အက်ဖ်အေဖလား ဗိုလ်စွဲပြီး ဖလားနှင့်အတူ မန်ယူအသင်းသားများ ဤသို့အောင်ပွဲခံခဲ့ကြသည်။

(ဓာတ်ပုံ–အင်တာနက်)

ဂျိမ်းစ်တိုနီထံမှ ဒဗလျူဘီအေ ဟဲဗီးဝိတ်ချန်ပီယံသရဖူကို လွှဲပြောင်း ယူခဲ့သော ရွန်ရုဲခ်။ (ဓာတ်ပုံ–အင်တာနက်)

ဟဲဗီးဝိတ်ချန်ပီယံသရဖူ ရွန်ရုဲခ်က ဂျိမ်းစ်တိုနီထံမှ လွှဲပြောင်းယူ

နယူးယောက် မေ ၁၈

ကမ္ဘာ့ဒဗလျူဘီအေ ဟဲဗီးဝိတ်ချန်ပီယံသရဖူကို ဟဲဗီးဝိတ်ချန်ပီယံဟောင်း ရွန်ရုဲခ်က ဂျိမ်းစ်တိုနီထံမှ ယှဉ်ပြိုင်မထိုးသတ်ဘဲ ပြန်လည်လွှဲပြောင်းရယူလိုက်သည်။

ဟဲဗီးဝိတ် ချန်ပီယံသရဖူကို ရွန်ရုဲခ်က လွှဲပြောင်းရယူခြင်းမှာ ဧပြီ ၃၀ ရက်က ယင်းတို့နှစ်ဦး နယူးယောက်၌ ဒဗလျူဘီအေ ချန်ပီယံသရဖူလုပွဲအဖြစ် ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ဂျိမ်းစ်တိုနီက အနိုင်ရရှိခဲ့သည်။

စည်းကမ်းအရ

သို့ရာတွင် ဂျိမ်းစ်တိုနီသည် ဆေးဝါးသုံးစွဲခဲ့သည်ကို စမ်းသပ်တွေ့ရှိခဲ့ရသဖြင့် ရွန်ရုဲခ်အား ဒဗလျူဘီအေ ဟဲဗီးဝိတ်ချန်ပီယံသရဖူကို ဒဗလျူဘီအေ၏ စည်းကမ်းအရ လွှဲပေးလိုက်ရသည်။

ချန်ပီယံဖြစ်လာ

ရွန်ရုဲခ်သည် အဆိုပါ ဒဗလျူဘီအေသရဖူကို လွှဲပြောင်းရယူနိုင်ခဲ့၍ ဒုတိယအကြိမ် ဟဲဗီးဝိတ်ချန်ပီယံဖြစ်လာသည်။ **(အင်တာနက်)**

လယ်ယာ/ဆည်မြောင်း ဝန်ကြီးဗိုလ်ချုပ်ဌေးဦး ကျေးလက်သုံးသယ်ပို့ယာဉ်ထုတ်လုပ်မှုစစ်ဆေး
လူနှင့်ကုန်တန်ချိန်နှစ်တန် တစ်နာရီ ၁၈ မိုင်နှုန်းတင်ဆောင်မောင်းနှင်နိုင်

ရန်ကုန် မေ ၁၈

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် မေ ၁၅ ရက် မွန်းလွဲပိုင်းက ဧရာဝတီတိုင်း မြောင်းမြမြို့ မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း ဂုန်နီစက်ရုံ ကုန်ထုတ်လုပ်ငန်းများနှင့် စက်ရုံကတီထွင်ထုတ်လုပ်သော စက်အရန်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စက်ရုံခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံရာ စက်ရုံမှူးက နှစ်အလိုက် ကုန်ထုတ်မှုကို ရှင်းလင်းတင်ပြပြီး ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲဖုန်းမြင့်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

မှာကြား

ဝန်ကြီးက စက်စွမ်းအားပြည့်လည်ပတ်၍ ကုန်ထုတ်လုပ်ရေး၊ စံချိန်မီ ထုတ်ကုန်များထုတ်လုပ်ရေး၊ ဈေးကွက်တွင် ဝယ်ယူသူစိတ်ကြိုက် အရည်အသွေးဖြစ်ရေး၊ ကုန်ကြမ်း ဂုန်လျှော်သီးနှံစိုက်ပျိုးမှုနှင့် ဂုန်နီစက်ရုံ ကုန်ထုတ်လုပ်မှု ဆက်စပ်ညှိနှိုင်း စီမံဆောင်ရွက်ရေးမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ညနေပိုင်းတွင် ဝန်ကြီးသည် မအူပင်မြို့နယ် ကျုံစုတ်လျှပ်စစ်မြစ်ရေတင် စီမံကိန်းသို့ရောက်ရှိပြီး ပင်မမြောင်းတူးဖော်မှု၊ လက်ခွဲမြောင်းများ ပြုလုပ်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။**(ယာပုံ)**

ထို့နောက် ရှင်းလင်းဆောင်၌ စီမံကိန်းတာဝန်ခံက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် အကျိုးပြုဧက၉၀၀၀ ရေသောက်ဒေသတို့ကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက ရေပေးမည့်အစီအစဉ်၊ ရေပေးမြောင်းများ ဖောက်လုပ်မှု၊ သီးနှံစိုက်ပျိုးမှုတို့ကို ဆွေးနွေးညှိနှိုင်းသည်။

ဆက်လက်၍ ဝန်ကြီးသည် မအူပင်မြို့နယ် ပန်တပွတ်ကျေးရွာအနီးရှိ မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း မအူပင်စက္ကူစက်ရုံသို့ရောက်ရှိပြီး စက္ကူစက်ရုံ လည်ပတ်ကုန်ထုတ်လုပ်မှုများ၊ စာရေးစက္ကူ နှစ်ဖက်ချောနှင့် အော့ဖ်ဆက် စက္ကူများ ထုတ်လုပ်မှု၊ စက္ကူထုပ်များ အရည်အသွေးစံချိန်စံညွှန်းစစ်ဆေးမှုနှင့် သိုလှောင်ရုံတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရှင်းလင်းဆောင်၌ စက်ရုံမှူးက ဂုန်လျှော်ပင်မှတန်ဖိုးမြှင့် ပစ္စည်းအဖြစ် စက္ကူထုတ်လုပ်မှုကို တစ်နှစ်လျှင် မက်ထရစ်တန် ၅၀၀၀ ထုတ်လုပ်၍ ဈေးကွက်သို့ တင်ပို့ရောင်းချမှု၊ စက်ရုံကုန်ထုတ်စွမ်းအား တိုးတက်အောင် ဆောင်ရွက်မည့်အစီအစဉ်များ၊ China Yunnan Corporationနှင့် နည်းပညာပူးပေါင်း ဆောင်ရွက်မှုလုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက စက်စွမ်းအားပြည့်ထုတ်လုပ်ရေး၊ စံချိန်မီ အရည်အသွေးကောင်းမွန်ရေး၊ ဈေးကွက်တိုးချဲ့ရေး မှာကြားသည်။



ရှင်းလင်းတင်ပြ

ယင်းနောက် ဝန်ကြီးသည် မအူပင်မြို့ စက်မှုလယ်ယာဦးစီးဌာန အမှတ်(၅) အလတ်စား အလုပ်ရုံသို့ရောက်ရှိရာ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမော်က စက်မှုအလုပ်ရုံ၊ စက်ပြင်အလုပ်ရုံ၊အကြီးစား၊အလတ်စား အလုပ်ရုံများ၏ စက်ပစ္စည်းနှင့် အရန်စက်ပစ္စည်းများ ထုတ်လုပ်မှု၊ တီထွင် စက်ကိရိယာများ ထုတ်လုပ်မှု၊လယ်ယာ(၁၆) လက်တွန်းထွန်စက်မှ ကျေးလက် ဒေသသုံး သယ်ပို့ယာဉ် တီထွင်ထုတ်လုပ်မှုတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စက်ရုံနှင့် သုတေသနဌာန ညွှန်ကြားရေးမှူး ဦးစိုးနိုင်က ကျေးလက်ဒေသသုံး သယ်ပို့ယာဉ်ကို မအူပင်ဒေသလိုအပ်ချက်အရ ဦးစွာ စတင်တီထွင်ခဲ့မှုနှင့် တီထွင်မှုအဆင့်ဆင့်ကို ရုပ်ပုံကားချပ်ဖြင့် ရှင်းလင်း ပြသသည်။

ထို့နောက် ဝန်ကြီးသည် လယ်ယာ(၁၆)လက်တွန်းထွန်စက်မှ ပြုပြင်ထားသော ကျေးလက်ဒေသသုံး သယ်ပို့ယာဉ်ကို ကြည့်ရှုစစ်ဆေးသည်။

ကျေးလက်ဒေသသုံး သယ်ပို့ယာဉ်မှာလူနှင့် ကုန်တန်ချိန် နှစ်တန်ကို တစ်နာရီ ၁၈ မိုင်နှုန်းဖြင့် တင်ဆောင်မောင်းနှင်နိုင်ပြီး ယခုနှစ်တွင် အစီး၂၀၀ ထုတ်လုပ်သွားရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ ဝန်ကြီးသည် သံရည်ကျိုအလုပ်ရုံတွင် စက်အရန်ပစ္စည်းများ အချောကိုင်ထုတ်လုပ်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် မေ ၁၅ ရက် ညနေပိုင်းတွင် ဧရာဝတီတိုင်း အိမ်မဲမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ မြို့နယ်အလုပ်အမှုဆောင်များ၊ အသင်းဝင်များနှင့် လည်းကောင်း၊ ညပိုင်းတွင် မအူပင်မြို့ရှိ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ခရိုင်ရုံး၌ ခရိုင်နှင့်မြို့နယ်အလုပ်အမှုဆောင်များနှင့် လည်းကောင်း တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် အထွေထွေအတွင်းရေးမှူးက ပြည်ထောင်စုကြံ့ခိုင် ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၏ ရည်မှန်းချက်ပန်းတိုင်မှာ နိုင်ငံတော်ကြီးအား အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးအဖြစ် တည်ဆောက်ရေးဖြစ်ကြောင်း၊ ရည်မှန်းချက်ပန်းတိုင်ရောက်အောင်၊ ရအောင် ဆောင်ရွက်မည်ဟု သန္နိဋ္ဌာန်ချမှတ်ထားကြသူများဖြစ်ကြောင်း၊ နိုင်ငံတော် အစိုးရ၏ မှန်ကန်သော ဦးဆောင်မှု၊လက်တွေ့ကျသော အကောင်အထည်ဖော် ဆောင်ရွက်မှုများကြောင့် နိုင်ငံနှင့်အဝန်း ဖွံ့ဖြိုးတိုးတက်မှုများရှိနေသည်ကို တွေ့ကြရမည် ဖြစ်ကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ဆောက်ရာတွင် ပြည်ထောင်စု စိတ်ဓာတ်၏ အခြေခံအချက်များဖြစ်သော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေးတို့သည် အသင်းဝင်များအပါအဝင် နိုင်ငံသားတိုင်း ဦးထိပ်ပန်ဆင် ဆောင်ရွက်သွားကြရန် လိုကြောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များသည် မိမိတို့ နယ်မြေ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် တက်ကြွစွာပါဝင်ပူးပေါင်း ဆောင်ရွက်သွားကြရန် လိုကြောင်း၊ ကျေးလက်ဖွံ့ဖြိုးရေး အခြေခံလုပ်ငန်းတာဝန်ကြီး (၅)ရပ်အပါအဝင် အကျိုးပြု လုပ်ငန်းများတွင် နယ်မြေလူထုနှင့်လက်တွဲ၍ ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် နှောင့်ယှက်ဖျက်ဆီးသူမှန်သမျှကိုလည်း စုစည်းညီညွတ်သည့်အင်အား၊ ကြံ့ခိုင်သော စိတ်ဓာတ်ဖြင့် တွန်းလှန်ချေမှုန်းသွားကြရန် မှာကြားကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

မေ ၁၆ ရက်က ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဒီဂျစ်တယ်အော်တိုအိတ်ချိန်း အင်ဂျင်နီယာဘာသာရပ်သင်တန်း၊ ဂြိုဟ်တု ဆက်သွယ်ရေးစနစ် တပ်ဆင်ရေးဘာသာရပ်သင်တန်းနှင့် အခြေခံ ပစ္စည်းထိန်းသင်တန်း သင်တန်းများဖွင့်ပွဲ အခမ်းအနားတွင် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် တက်ရောက် အမှာစကား ပြောကြားစဉ်။ (ဆက်သွယ်ရေး)

ချင်းပြည်နယ်ရဲတပ်ဖွဲ့လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် မေ ၁၈

ချင်းပြည်နယ်ရဲတပ်ဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ၁၁ရက် နံနက် ၉ နာရီတွင် ဟားခါးမြို့ရှိ ချင်းပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

အစည်းအဝေးတွင် ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးအုန်းမြင့်ဦးက အမှာစကားပြောကြားသည်။

ထပ်ဆင့်ရှင်းလင်း

ထို့နောက် ချင်းပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးညွန့်ဝင်းက မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ၂၀၀၄ ခုနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်ဝန်ကြီးချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၊ ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်တို့၏ မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းပြောကြားပြီး ဒုတိယပြည်နယ် ရဲတပ်ဖွဲ့မှူးက မြန်မာနိုင်ငံရဲတပ်ဖွဲ့ ၂၀၀၅ ခုနှစ် ရည်မှန်းချက်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်း ဆောင်ရွက်ရေးကိစ္စရပ်များကို ရှင်းလင်းပြောကြား ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မေ ၉ ရက်က မရမ်းကုန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာနက အမှတ်(၂)ရပ်ကွက်အတွင်းရှိ နိုင်ငံသား အရည် အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ပွဲ တွင် ရန်ကုန်တိုင်းဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးတင်အောင်က နိုင်ငံသား စိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။ (၄၂၁)

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး နှိုးဆော်ချက်

၁။ မိုးရာသီအတွင်း အသက်သုံးနှစ်မှ ၁၄နှစ်အထိ ကလေးငယ်များတွင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားတတ်ပါသည်။ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်လျှင် ရင်သွေးငယ်များ အသက်ဆုံးပါးသည်အထိဖြစ်နိုင်သဖြင့် မိမိတို့၏ ရင်သွေးများ ရောဂါဘယကင်းဝေးစေရန် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ကြပါရန် နှိုးဆော်အပ်ပါသည်။

၂။ သွေးလွန်တုပ်ကွေးရောဂါသည် ရေကြည်ရေသန့်တွင် ပေါက်ပွားသော ခြင်ပုန်း၊ ခြင်ကျား အကိုက်ခံရခြင်းကြောင့် ကူးစက်ပါသည်။ သို့ပါ၍ ခြင်ပုန်း၊ ခြင်ကျား မပေါက်ပွားစေရန် မိမိတို့ရင်သွေးငယ်များ ခြင်ကိုက် မခံရစေရန် အောက်ပါအတိုင်း ဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်။

လိုက်နာရမည့်အချက်များ

(က) ရေစည်၊ ရေအိုးများကို လုံခြုံစွာဖုံးအုပ်ထားပါ။

(ခ) ပန်းအိုး၊ ညောင်ရေအိုးတို့မှရေကို နေ့စဉ်လဲလှယ်ပေးပါ။

(ဂ) ရေစည်၊ရေအိုးများရှိ ပိုးလောက်လမ်းများအား ရေစစ်ဖြင့် ခပ်ထုတ် ပစ်ပါ။

(ဃ) မိုးရေတင်နိုင်သော ဘူးခွံ၊ ပုံးခွံ၊ တာယာစုတ်၊ အိုးခြမ်းပဲ့စသည်တို့ကို ဖယ်ရှား ရှင်းလင်းပါ။

(င) မိမိတို့အိမ်ရှေ့၊ အိမ်နောက်တို့မှ ရေမြောင်းများအား ရေစီးရေလာ ကောင်းအောင် ရှင်းလင်းပါ။လိုအပ်ပါက စည်ပင်သာယာရေးအဖွဲ့၏ အကူအညီကိုယူပါ။

(စ) အိမ်ပတ်ဝန်းကျင်ရှိ ရေဝပ်နိုင်သော မြေနိမ့်များကို ဖို့ပါ။

(ဆ) အလင်းရောင်ရရှိရန် တံခါးများကို နေ့ခင်းပိုင်းတွင်ဖွင့်ထားပါ။

(ဇ) အိမ်တွင်း၊ အိမ်ပြင် သန့်ရှင်းအောင်ထားပါ။

(ဈ) ကလေးများ နေ့လယ်အိပ်ချိန်တွင် ခြင်ထောင်ဖြင့်သိပ်ပါ။ (အင်္ကျီလက်ရှည်၊ ဘောင်းဘီရှည်၊ ထဘီ၊ ပုဆိုးစသည်တို့ကိုဝတ်ဆင် ထားပေးပါ။)

၃။ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး ခြင်များမပေါက်ပွားစေရန် ဆေးဖျန်းခြင်း၊ အသိပညာပေးခြင်း၊ ကာကွယ်တားဆီးခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန။

နိုင်ငံတော်သြဝါဒါစရိယ မဟာအောင်မြေမြို့နယ် မစိုးရိမ်တိုက် ဂန္ထဓူရနယူပဒေသကျောင်း ဆရာတော်သုမနာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ)၏

ထေရုပ္ပတ္တိအကျဉ်း

ဖွားမြင်တော်မူခြင်း



ဆရာတော်လောင်းလျာသည် မကွေးတိုင်း ပခုက္ကူမြို့ ခံတောရပ်ခမည်းတော်ဦးလူမင်း၊ မယ်တော်ဒေါ်ငွေဆင့်တို့မှ ၁၂၈၈ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်(သောကြာနေ့)၌ ဖွားမြင်တော်မူသော သားရတနာ ဖြစ်ပါသည်။

ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၃ နှစ်သားအရွယ် ၁၃၀၁ခုနှစ် တန်ခူးလ၌ ပခုက္ကူမြို့ လယ်ပြင်တိုက်အနောက်ကျောင်းဆရာတော် ဘဒ္ဒန္တပညာသီဟကို ဥပဇ္ဈာယ်ပြု၍ ပခုက္ကူမြို့ ခံတောပိုးတန်းရပ် ဒေါ်လုံးတင်၏ပစ္စယာနုဂ္ဂဟကို ခံယူတော်မူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ ၁၃၀၈ခုနှစ် နယုန်လဆန်း ၆ ရက်နေ့၌ ခမည်းတော် မယ်တော်တို့၏ပစ္စယာနုဂ္ဂဟကိုခံယူတော်မူကာ လယ်ပြင်တိုက် အနောက်ကျောင်း ခဏ္ဍသိမ်တော်၌ လယ်ပြင်တိုက်ဆရာတော်ဘုရားကြီးကိုပင် ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူပါသည်။

ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် ပခုက္ကူမြို့ လယ်ပြင်တိုက်အနောက်ကျောင်း ဆရာတော်ဘဒ္ဒန္တပညာသီဟ၊ ပြင်ဦးလွင်မြို့ ဝက်ဝံဆရာတော်ဘဒ္ဒန္တမဏိဇောတ၊ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ဆရာတော် ဘဒ္ဒန္တပညာ၊ ဘဒ္ဒန္တမာဂိန္ဒ၊ ဘဒ္ဒန္တနန္ဒိယ၊ မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက် အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ဘုရားကြီးအမှူးရှိသော နာယကဆရာတော်များနှင့် မာဂနေယူပဒေသကျောင်း အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနာရဒါဘိဝံသတို့ထံ၌ ပိဋကတ်ကျမ်းစာအဖြာဖြာတို့ကို သင်ယူဆည်းပူးတော်မူခဲ့ပြီး အစိုးရဓမ္မာစရိယနှင့် သကျသီဟစာသင်တန်း စာချတန်းတို့ ကိုအောင်မြင်၍ သာသနဓဇသိရီပဝရဓမ္မာစရိယဘွဲ့၊ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယဘွဲ့တို့ကို ရရှိတော်မူခဲ့ပါသည်။

စာပေပို့ချခြင်းနှင့် သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် မန္တလေးမြို့ ဝေယံဘုံသာပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ရန်ကုန်မြို့ ဘုရားလမ်း ကျားကူးကျောင်းတိုက်၊ မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက်တို့၌ တပည့် ရဟန်း သာမဏေတို့အား ပိဋကတ်ကျမ်းစာ၊ နေ့ဝါ၊ ညဝါတို့ကို ပို့ချတော်မူလျက် တိပိဋကပါဠိမြန်မာအဘိဓာန်ကျမ်း၊ တိပိဋကပါဠိပဒကျမ်းညွှန်းတို့ကို မစိုးရိမ်အဘိဓာန်အဖွဲ့ဝင် နာယကဆရာတော်များနှင့် အတူရေးသားပြုစုတော်မူ၍လည်းကောင်း၊ မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် သံဃနာယကဥက္ကဋ္ဌ၊ သံဃာ့သမ္မုတိရသံဃာ့ကိုယ်စားလှယ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော် ဝိနည်းဓိုရ်၊ နိုင်ငံတော်သြဝါဒါစရိယအဖြစ်တို့ဖြင့်လည်းကောင်း သာသနာရေးတာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူသည့် လဇ္ဇီပေသလ သိက္ခာကာမ ပရိယတ္တိ ဝိသာရဒစသောဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ဆရာတော် ဘဒ္ဒန္တသုမနာဘိဝံသအား ၁၃၅၁ခုနှစ် (၁၉၉၀ပြည့်နှစ်)တွင် နိုင်ငံတော်အစိုးရက အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းပူဇော်ခဲ့ပါသည်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာအကျိုး သယ်ပိုးထမ်းဆောင်တော်မူရင်းမှ သက်တော်(၇၉)နှစ်၊ သိက္ခာတော်(၅၉)ဝါအရ ၁၃၆၇ခုနှစ် ကဆုန်လဆန်း၉ရက်(၁၆-၅-၂၀၀၅ရက်)တနင်္လာနေ့ ညနေ ၄ နာရီ ၁၈ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူပြီး ၁၃၆၇ခုနှစ် ကဆုန်လပြည့်ကျော်၄ရက်(၂၆-၅-၂၀၀၅ရက်)ကြာသပတေးနေ့တွင် အန္တိမဈာပနသဘင်ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

မြို့တော်ဂေါက်ကွင်း၌ တစ်ချက်တည်းကျင်းဝင်

ရန်ကုန် မေ ၁၈

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် မေ ၁၇ရက် နံနက် ၆နာရီ ၄၅မိနစ်တွင် ရန်ကုန်မြို့ မြို့တော်ဂေါက်ကွင်း(ငွေသော်တာကွင်း)၌ ကစားဖော်များဖြစ်ကြသော ဦးအောင်နိုင်(Asia Winner Industrial Co.,Ltd.)နှင့် ဦးအင်းယား(Topဆပ်ပြာမှုန့်)တို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၅)တွင် Srixon-3(UR-X) ဘောလုံးကို Srixon (XX-10) Iron-6 တုတ်ဖြင့် ရိုက်လိုက်ရာ ၁၅၄ကိုက် အကွာအဝေး၌ရှိသောကျင်းထဲသို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့ကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုမနာဘိဝံသ ဘဝနတ်ထံပျံလွန်တော်မူ

ရန်ကုန် မေ ၁၈

နိုင်ငံတော် သြဝါဒါစရိယ မန္တလေးတိုင်း၊ မန္တလေးခရိုင်၊ မဟာ အောင်မြေမြို့နယ်၊ မစိုးရိမ်ကျောင်းတိုက် ပဓာနနာယက သက်တော်(၇၉) နှစ်၊ သိက္ခာတော်(၅၉)ဝါရှိ ဘဒ္ဒန္တသုမနာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)သည် ၁၃၆၇ ခုနှစ် ကဆုန်လဆန်း ၉ရက် ညနေ ၄နာရီ၁၈မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူပြီး ၁၃၆၇ခုနှစ် ကဆုန်လပြည့်ကျော် ၄ရက်တွင် အန္တိမဈာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

မိုင်းနောင်တပ်နယ်၌ ကျန်းမာရေးပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန် မေ ၁၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်နယ် ကျန်းမာရေးဦးစီးဌာနနှင့် လွိုင်လင်ခရိုင် မိုင်းနောင်တပ်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ကကြီးမှူး၍ အေအိုင်ဒီအက်စ်ရောဂါကာကွယ်တားဆီးရေးစီမံချက်အရ ကျန်းမာရေးပညာပေးဟောပြောပွဲကို မေ ၁၁ ရက် မွန်းလွဲ၁နာရီတွင် မိုင်းနောင်တပ်နယ် အခြေခံပညာမူလတန်းကျောင်းခန်းမ၌ကျင်းပရာ မိုင်းနောင်တပ်နယ်မှ ဗိုလ်မှူးချုပ်သောင်းအေး၏ဇနီး၊ တပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်မိသားစုဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာစိုင်းခမ်းလှိုင်နှင့် ဆရာဝန်ကြီးများက အိပ်ချ်အိုင်ဗွီနှင့် အေအိုင်ဒီအက်စ်ရောဂါ ကာကွယ်တားဆီးရေးဆိုင်ရာ သိကောင်းစရာများ၊ ကာလသားရောဂါ၊ တီဘီရောဂါနှင့် အာဟာရ အကြောင်းသိကောင်းစရာများကို အသီးသီးရှင်းလင်းဟောပြောကြပြီး ဗိုလ်မှူးချုပ်သောင်းအေး၏ဇနီး ဒေါ်သင်းမျိုးမျိုးအောင်က ဆရာဝန်ကြီးများအား ဂုဏ်ပြုလက်ဆောင်များပေးအပ်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● ကျောဖုံးမှ

ဆောင်ရွက်လျက်ရှိသည်။ လစဉ် လက်ရည်စစ် ပြိုင်ပွဲ သုံးကြိမ်ကျင်းပပေးလျက်ရှိသည်။ နိုင်ငံတကာပြိုင်ပွဲများတွင်လည်း ဝင်ရောက်ယှဉ်ပြိုင်ပြီး အောင်နိုင်ရေးအတွက် အစွမ်းကုန်လေ့ကျင့် ပြင်ဆင်လျက်ရှိသည်။

နိုင်ငံတကာပြိုင်ပွဲများအနေဖြင့် အိန္ဒိယနိုင်ငံတွင်ကျင်းပသည့် စတုတ္ထအကြိမ် အာရှဘိလိယက်ပြိုင်ပွဲကို နည်းပြဒေါက်တာမင်းနိုင်ခေါင်းဆောင်ပြီး မြန်မာ့ဘိလိယက်အားကစားသမားများဖြစ်သည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးမှ ကျော်ဦး၊ အောင်ဆန်းဦးနှင့် ခင်မောင်ဦးတို့ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

အကြိတ်အနယ်ပြိုင်ခဲ့

အဆိုပါပြိုင်ပွဲတွင် အိန္ဒိယနိုင်ငံမှ ကမ္ဘာ့ချန်ပီယံဖြစ်ခဲ့ဖူးသူသုံးဦး၊ ထိုင်းနိုင်ငံမှ ကမ္ဘာ့ချန်ပီယံတစ်ဦးအပါအဝင် ရှစ်နိုင်ငံမှ အားကစားသမားများနှင့် မြန်မာနိုင်ငံမှ ဘိလိယက်အားကစားသမားများ အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့သည်။

မြန်မာ့အစွမ်းပြခဲ့

မြန်မာ့ဘိလိယက်လက်ရွေးစင် အောင်ဆန်းဦးသည် ၂၀၀၂ခုနှစ် ကမ္ဘာ့ချန်ပီယံနှင့် အာရှချန်ပီယံ၊ ၁၉၉၈ခုနှစ် အာရှအားကစားပွဲ တစ်ဦးချင်းရွှေတံဆိပ်နှင့် နှစ်ယောက်တွဲ ရွှေတံဆိပ်ဆုရှင် Ashok Shandilya ကိုအုပ်စုတွင်း ပြိုင်ပွဲ၌ သုံးပွဲ-နှစ်ပွဲဖြင့် အနိုင်ရရှိကာ မြန်မာ့ဘိလိယက် စွမ်းပကားကို ပြသနိုင်ခဲ့သည်။

မြန်မာ့လက်ရွေးစင်ဘိလိယက်သမား ကျော်ဦးသည် အုပ်စုတွင်းပြိုင်ပွဲ၌ အိန္ဒိယနိုင်ငံမှ ကမ္ဘာ့စနူကာချန်ပီယံ၊ အိန္ဒိယဘိလိယက်ချန်ပီယံ Pan Kaj Advani အားသုံးပွဲ-နှစ်ပွဲဖြင့် အနိုင်ရရှိကာ မြန်မာ့ဘိလိယက်လက်ရည်ကို ပြသနိုင်ပြီး အုပ်စုဗိုလ်စွဲကာ ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့သည်။

နိုင်ငံခြားနည်းပြခေါ်ယူ

မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်သည် မြန်မာ့ဘိလိယက်နှင့် စနူကာအောင်နိုင်ရေးအတွက် အိန္ဒိယနိုင်ငံမှ ၁၉၉၀ပြည့်နှစ် ကမ္ဘာ့ဘိလိယက် ချန်ပီယံဟောင်းနှင့် လက်ရှိအိန္ဒိယနည်း ပြဆရာ Manoj Kothari အား ဧပြီ ၂၁ရက်မှ မေ ၅ရက်အထိ ခေါ်ယူပြီး ပဏာမ မြန်မာ့လက်ရွေးစင် ဘိလိယက်နှင့် စနူကာ အားကစား သမားများအား နည်းပြအဖြစ် ခေါ်ယူလေ့ကျင့်ပေးလျက်ရှိသည်။

အဆိုပါ အိန္ဒိယနည်းပြဆရာအား (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ မသွားရောက်မီ ထပ်မံခေါ်ယူရန် စီစဉ်ထားသည်။

ပဏာမ မြန်မာ့လက်ရွေးစင် ဘိလိယက်အားကစားသမားများမှာ ရန်ကုန်မြို့ တော်စည်ပင်မှ ကျော်ဦး၊ အောင်ဆန်းဦး၊ ခင်မောင်ဦးနှင့် ပေါက်စ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အောင်ဌေး၊ စနူကာပဏာမ လက်ရွေးစင် အားကစားသမားများမှာ ရန်ကုန်တိုင်းမှ နေသွေးဦးနှင့် ဇော်ထွန်း၊ အရှေ့တိုင်းသားများအသင်း အိုရီယံမှ ကိုကိုနိုင်တို့အား ရွေးချယ်ထားပြီး (၂၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အမြင့်ဆုံးအောင်နိုင်မှုရရှိရေးအတွက် အစွမ်းကုန် လေ့ကျင့်ပေးလျက်ရှိသည်။ **(မြန်မာ့အလင်း)**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

နှစ်ပေါင်းတစ်ထောင်ခန့်က ရှေးဟောင်းပစ္စည်း

အုတ်ခဲပြားများချိုးပြီး ဂင်းနစ်စံချိန်တင်

အုတ်ခဲပြားများကို တံတောင်ဆစ်ဖြင့် ရိုက်ချိုးနေသူ မူစတာဖာဒါဆန်အား တွေ့ရစဉ်။**(ဝဲပုံ)**

ဂျော်ဒန်နိုင်ငံအမ္မာန်မြို့တွင် အသက်(၅၁)နှစ်အရွယ်ရှိပြီး ကလေးခြောက်ယောက်တို့၏ ဖခင်တစ်ဦးဖြစ်သူ မူစတာဖာဒါဆန်သည် စကျင်ကျောက်နှင့် ဘိလပ်မြေသဲများကို ရောစပ်ထားသော အုတ်ခဲ၁၀ချပ်ကို တံတောင်ဆစ်ဖြင့်ရိုက်ချိုးပြီး ကမ္ဘာ့ဂင်းနစ်မှတ်တမ်းတင်နိုင်ရန် ကြိုးစားခဲ့ကြောင်း သိရသည်။ **(ရိုက်တာ)**

လွှန်ခဲ့သော နှစ်ပေါင်းတစ်ထောင်ခန့်ကရှေးဟောင်းပစ္စည်းတစ်ခုကို သုတေသနပညာရှင်တစ်ဦးက ပြသနေစဉ်။ **(ယာပုံ)**

အဆိုပါရှေးဟောင်းပစ္စည်းကို ပီရူးနိုင်ငံ လီမာမြို့တောင်ဘက်မိုင် ၂၀ ခန့်အကွာရှိ ပါချာကာမက်အရပ်၌ တွေ့ရှိရခြင်းဖြစ်ပြီး သုတေသနပညာရှင်များက လွှန်ခဲ့သည့်နှစ်ပေါင်းတစ်ထောင်ခန့်က လူသားတို့အထိမ်းအမှတ်ဆိုင်ရာ ပစ္စည်းတစ်ခုဖြစ်ကြောင်း ပြောကြားသည်။ **(အေပီ)**

လေးနိုင်ငံဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ မြန်မာအမျိုးသမီးဘောလုံးအသင်း ပါဝင်ဆင်နွဲမည်

ရန်ကုန် မေ ၁၈

မေ ၂၀ရက်မှ ၂၇ရက်အထိ မလေးရှားနိုင်ငံတွင် ကျင်းပမည့် လေးနိုင်ငံဖိတ်ခေါ်အမျိုးသမီးဘောလုံးပြိုင်ပွဲသို့ မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်း ပါဝင်ဆင်နွဲမည်ဖြစ်သည်။

မြန်မာအမျိုးသမီး ဘောလုံးအသင်းတွင် အဖွဲ့ခေါင်းဆောင် အဖြစ် ဒေါက်တာပင်ဒိုရာအောင်ကြီး(အသင်းဆရာဝန်)က ဆောင်ရွက်မည်ဖြစ်ပြီး နည်းပြချုပ်အဖြစ် မြန်မာ့လက်ရွေးစင်ဟောင်း ဦးအေးမောင်လေး၊ လက်ထောက်နည်းပြဦးခင်မောင်ကို၊ အသင်းအတွင်းရေးမှူး ဒေါ်မိမိမော်တို့က ဆောင်ရွက်မည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းတွင် **(ဂိုး)**မေခင်ယမင်းနှင့် မြင့်မြင့်သန်း၊ **(နောက်တန်း)** မိုးမိုးဝါ၊ စန်းစန်းမော်၊ သက်သက်ဝင်း၊ နွယ်နွယ်တိုး၊ နေဇာလင်းလင်းအောင်၊ စန်းစန်းသိန်း၊ စန်းယုနိုင်နှင့် အေးအေးခိုင်၊ **(အလယ်တန်း)** ဌေးဌေးဦး၊ နှင်းဆီမြင့်၊ အေးနန္ဒာလှိုင်၊ သူဇာထွေးနှင့် သန်းသန်းထွေး၊ **(ရှေ့တန်း)** မာလာဝင်း၊ မိုင်နီလာထွေးနှင့် ဇင်မာဝမ်းတို့ပါဝင်ကြသည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီး ဘောလုံးအသင်းသည် ဇွန် ၁၂ရက်မှ ၂၂ရက်အထိ ဗီယက်နမ်နိုင်ငံတွင် ကျင်းပမည့် အာရှအမျိုးသမီးဘောလုံးခြေစစ်ပွဲ ပါဝင်ဆင်နွှဲမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မကွေးဆရာတော် တရားပွဲများချီးမြှင့်မည်

ရန်ကုန် မေ ၁၈

ကြည့်မြင်တိုင်မြို့နယ် သာခုပရိယတ္တိစာသင်တိုက် အတွင်းရှိ ရွှေညဝါဆရာ ဖြစ်သင်တန်းကြီးတွင် သင်ကြားလျက်ရှိသော သံဃာတော်များနှင့် ဒါယကာ ဒါယိကာမများအား နိုင်ငံတော် သံဃ မဟာနာယကဥက္ကဋ္ဌ အဘိဓဇမဟာဂုရု အဘိဓဇအဂ္ဂ မဟာသဒ္ဓမ္မဇောတိက၊ ဘဒ္ဒန္တကုမာရ မကွေးဆရာတော်သည် မေ ၁၇ ရက် ညပိုင်းတွင် တရားတော်များဟောကြားချီးမြှင့်ပြီး ဆက်လက်၍ တရားပွဲများကို ဇွန် ၈ ရက်အထိဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ၁၆ရပ်ကွက်၊ ၈ လမ်း၊ အမှတ် ၇၆(က)နေ
ဦးစောမောင်ဌေး–ဒေါ်ခင်ဝင်းမြင့်တို့၏ တစ်ဦးတည်းသောသား
ဗိုလ်ကြီးဖြိုးပြည့်ဦး B.A (History)
နှင့်
မွန်ပြည်နယ်၊ သထုံမြို့နယ်၊ လိပ်အင်းရပ်၊ မင်းလမ်း၊ အမှတ် ၉ နေ
ဦးနေဝင်း–ဒေါ်အေးအေးယုတို့၏ တစ်ဦးတည်းသောသမီး
မအေးမြမျက်ချယ် B.A(Painting)
(University of Culture)

တို့သည် ၁၅–၅–၂၀၀၅ရက် (တနင်္ဂနွေနေ့)တွင် နှစ်ဖက်သောမိဘများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။ **နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးဖြိုးပြည့်ဦး–မအေးမြမျက်ချယ်။**

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ကျောက်ဖြူမြို့၊ အစိုးရရပ်ကွက်နေ
ဦးအောင်ရွှေ–ဒေါ်ဝေသန်းခင်(အလပြ၊ အလက–၃)တို့၏
တစ်ဦးတည်းသောသား
ဗိုလ်ကြီးဝေလင်းအောင် B.Sc°(DSA)
နှင့်
ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ကျော်သူ ၁၉ လမ်းနေ
ဒုတိယဗိုလ်မှူးကြီးအုန်းမြင့်(ငြိမ်း)–ဒေါ်ခင်တင့်တို့၏
တစ်ဦးတည်းသောသမီး
ကိုကျော်လင်းဦး–မဇင်မာကျော်တို့၏ညီမ
မလွင်လွင်မော် B.Sc (Zoo)

တို့သည် ၁၅–၅–၂၀၀၅ရက်တွင် နှစ်ဖက်သောမိဘများနှင့် ဂုဏ်သရေရှိလူကြီးမင်းတို့ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးဝေလင်းအောင်–မလွင်လွင်မော်။

မြန်မာသီရိလင်္ကာ ရာမကျောင်းဆရာတော် ရုပ်ကလာပ်အပူဇော်ခံ ညစဉ်တရားပွဲကျင်းပမည်

ရန်ကုန် မေ ၁၈

ဘဝနတ်ထံ ပျံလွန်တော်မူသွားသော တာမွေမြို့နယ် နတ်ချောင်းရပ်ကွက် မြန်မာ သီရိလင်္ကာရာမကျောင်းတိုက် ဦးစီးပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဉာဏိန္ဒ ဆရာတော်ကြီး၏ ဥတုဇ ရုပ်ကလာပ်တော် အပူဇော်ခံထားရှိသည့် မြန်မာသီရိလင်္ကာရာမကျောင်းတိုက် အလယ်ဓမ္မာရုံကြီး၌ အန္တိမ ဈာပနပူဇာ တရားပွဲများ ကျင်းပလျက်ရှိရာ မေ ၁၉ ရက်ညတွင် မြန်မာသီရိလင်္ကာရာမကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသက လည်းကောင်း၊ မေ ၂၀ ရက် ညတွင် သာကေတမြို့နယ် မဇ္ဈိမဂုဏ်ရည်ကျောင်းတိုက် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကောဝိဒကလည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားများ ဟောကြားမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

(၈)နှစ်မြောက် မင်္ဂလာဆုတောင်း

ဖေဖေ ဦးအဗ္ဗဒူဘာဆစ်(ခ)ဦးသန်းနိုင်နှင့် မေမေ ရှဲနာ(ဓ်)(ခ)မမြသန္တာဝင်းတို့၏ ၁–၅–၂၀၀၅ရက်တွင် ကျရောက်သည့် (၈)နှစ်မြောက် မင်္ဂလာရက်မြတ်နေ့မှ ရက်ပေါင်း၊ လပေါင်း၊ နှစ်ပေါင်းကာလကြာရှည်စွာ သားသား၊ မီးမီးတို့နှင့်အတူ ဘဝခရီးကို စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများဖြင့် ဆက်လက် လျှောက်လှမ်းနိုင်ပါစေဟု ဆုတောင်းမေတ္တာပို့သလိုက်ပါသည်။

သားကြီး–မိုဟာမက်ဒါးနစ်(ရှ်)(ခ)မောင်ပိုင်ဇင်မင်းဦး
သားငယ်–မိုဟာမက်(ခ)မောင်ပိုင်ဇင်မင်းလတ်
သမီးထွေး–အိုက်ရှာ(ခ)ဝင်းသီရိထိုက်။





မွေးနေ့ဆုတောင်း

ဦးအဗ္ဗဒူဘာဆစ်(ခ)ဦးသန်းနိုင်၏ ၁၉–၅–၂၀၀၅ရက်တွင် ကျရောက်သည့် (၃၈)နှစ်မြောက် မွေးနေ့မင်္ဂလာမှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ဇနီး၊ သားသမီးတို့နှင့်အတူ ပျော်ရွှင်ချမ်းမြေ့သော မွေးနေ့ပေါင်းများစွာကို ပိုင်ဆိုင်နိုင်ပါစေ။

ချစ်ဇနီး–မမြသန္တာဝင်း(ခ)ရှဲနာ(ဓ်)
သားကြီး–မောင်ပိုင်ဇင်မင်းဦး(ခ)မိုဟာမက်ဒါးနစ်(ရှ်)
သားငယ်–မောင်ပိုင်ဇင်မင်းလတ်(ခ)မိုဟာမက်
သမီးထွေး–ဝင်းသီရိထိုက်(ခ)အိုက်ရှာ။

လုံခြုံရေးဝန်ဆောင်မှု "အင်းဝ" ကိုယ်စားပြု

လူကြီးမင်း၏ မတည်ငွေအမြောက်အမြားဖြင့် ရင်းနှီးလည်ပတ်နေသည့် စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာန၊ Supermarket ကြီးများတွင် မလိုလားအပ်သော ယိုဖိတ်မှု၊ ဆုံးရှုံးမှုများ မရှိစေရန် လုံခြုံရေးဆိုင်ရာ ကိစ္စအားလုံးအတွက် "အင်းဝလုံခြုံရေးနှင့် အထွေထွေဝန်ဆောင်မှုလုပ်ငန်းကုမ္ပဏီလီမိတက်"(ကုမ္ပဏီမှတ်ပုံတင်အမှတ်–၁၈၅၇/၂၀၀၄–၂၀၀၅)မှ တာဝန်ယူ ဆောင်ရွက်ပေးလိုပါသည်။ ကြိုတင်ဆက်သွယ် ညှိနှိုင်းလေ့လာပြီး ယုံကြည်စိတ်ချ၊ အားကိုးနိုင်သည်ဟု ယူဆမှသာ လုပ်ငန်းအပ်နှံနိုင်ပါသည်။

အင်းဝလုံခြုံရေးနှင့်အထွေထွေဝန်ဆောင်မှုလုပ်ငန်းကုမ္ပဏီလီမိတက်
F/S-13၊ ရွှေစံပယ်ရိပ်မွန်၊ ဘုရင့်နောင်လမ်းမကြီး၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း–၅၁၅၁၂၈၊
၀၉–၅၀၀–၇၀၂၀၊ ၀၉–၅၀၀–၆၈၄၈။

စာကြည့်တိုက်ပညာ အခြေခံသင်တန်းဖွင့်

ရန်ကုန် မေ ၁၈

ပခုက္ကူခရိုင် ပညာရေးဌာနမှ ကြီးမှူးကျင်းပသော ခရိုင်အဆင့် စာကြည့်တိုက် ပညာအခြေခံ သင်တန်းဖွင့်ပွဲကို မေ ၄ ရက် နံနက် ၁၀နာရီတွင် ပခုက္ကူမြို့ အထက(၁) ဓမ္မာရုံ၌ကျင်းပရာ ခရိုင်ပညာရေးမှူး ဦးသောင်းဆွေက အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်ပြန်/ဆက်ဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဝင်းမေက စာကြည့်တိုက်များ ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ **(သတင်းစဉ်)**

ဆက်သွယ်လိုပါသည်

သီချင်းရေးဆရာ ကိုမင်းမင်း(အကြင်နာကြည့်တွေရဲ့အကြောင်း)ထံမှ သီချင်းတစ်ပုဒ် ဝယ်ယူလိုပါသဖြင့် ကျေးဇူးပြု၍ ဆက်သွယ်ပေးပါ။ လေးစားလျက်

ကိုမောင်မောင်
ဖုန်း–၀၁–၇၀၉၇၃၆၊ ၃၈၅၉၆၇။

အမည်ပြောင်း

ဦးအောင်ချစ်သိန်း၏ သားအထက၊ တွံတေး၊ သတ္တမတန်းမှ မောင်မြင့်မိုရ်အောင်အား မောင်ကောင်းမြတ်ကျော်ဟုလည်းကောင်း၊ စတုတ္ထတန်းမှ မောင်ကျော်ဇောအောင်အား မောင်ထက်ဝေယံနိုင်ဟုလည်းကောင်း၊ တတိယတန်းမှ မယမင်းသီရိအောင်အား မယမင်းသီရိသိမ့်ဟုလည်းကောင်း ပြောင်းလဲခေါ်ပါရန်။

မောင်ကောင်းမြတ်ကျော်၊
မောင်ထက်ဝေယံနိုင်၊
မယမင်းသီရိသိမ့်။

အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

ရန်ကုန် မေ ၁၈

၂၀၀၅ ခုနှစ် မေ ၁၈ ရက်ယနေ့ မြန်မာစံတော်ချိန် ၁၈ နာရီ ၁၀ မိနစ် စက္ကန့် ၄၀ အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ တောင်ဘက်မိုင် ၉၀၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြင်ပနေရာကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၆ ဒသမ ၀ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်းသက်ဆိုင်ရာမှသတင်းရရှိသည်။ **(သတင်းစဉ်)**

ကန့်ဘလူမြို့တွင် ကျေးလက်စာကြည့်တိုက်ဖွင့် စာကြည့်တိုက်နှင့်စာပေအကြောင်း ဟောပြောဆွေးနွေး

ကန့်ဘလူ ဧပြီ ၂၂

ကန့်ဘလူမြို့နယ် နဂါးပေါ်ကျေးရွာ ဘဝမီးအိမ်ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို မတ် ၂၄ရက်က နဂါးပေါ်ရွာ ဘုန်းတော်ကြီးကျောင်းရှိ စာကြည့်တိုက်၌ကျင်းပရာ နဂါးပေါ်ရွာကျောင်းဆရာတော်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးအောင်ကျော်စိုး၊ စာရေးဆရာ မောင်စိန်ဝင်း (ပုတီးကုန်း)နှင့် စာရေးဆရာ သန်လျင်မောင်မောင်ဦးတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အပေါ်ပုံ)

အခမ်းအနားတွင် မြို့နယ် အတွင်းရေးမှူး ဦးအောင်ကျော်စိုး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးအောင်ဝင်းငြိမ်းနှင့် အလှူရှင်များက သုတရသစာအုပ်မျိုးစုံကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် မြို့နယ်အတွင်းရေးမှူး ဦးအောင်ကျော်စိုး၊ မောင်စိန်ဝင်း (ပုတီးကုန်း)နှင့် သန်လျင်မောင်မောင်ဦးတို့က စာကြည့်တိုက်နှင့် စာပေအကြောင်း ဟောပြောဆွေးနွေးကြသည်။

ကန့်ဘလူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ စာပေအလှူရှင်များနှင့် စာပေဝါသနာရှင်များ ပူးပေါင်းပြီး ဒေသခံဆရာတော်၊ အရှင်သူမြတ်များ၏ ပံ့ပိုးကူညီမှုဖြင့် စာကြည့်တိုက်များ ဖွင့်လှစ်လျက်ရှိရာ ယနေ့အထိ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ၁၁၇ခု ဖွင့်လှစ်နိုင်ပြီ ဖြစ်ကြောင်းသိရသည်။ **(ဝ၅၆)**

ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းလမ်းများ အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ မေ ၄ ရက်က ဘူတာလမ်း ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းခွင်ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင် အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးအေးမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာဦးစိုင်းလောင်ခမ်းတို့ ကွင်းဆင်းကြည့်ရှုကြစဉ်။ (၄၁၆)

ရွာငံမြို့နယ်၌ ကျေးရွာ စာကြည့်တိုက်များဖွင့်

ရွာငံ မေ ၁၀

ရှမ်းပြည်နယ် (တောင်ပိုင်း) ရွာငံမြို့နယ် ပွေးနဖား ကျေးရွာ ရွှေပြည်သစ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ဧပြီ ၂၈ရက်က အဆိုပါ ကျေးရွာစာကြည့်တိုက် အဆောက်အအုံ၌ ကျင်းပရာ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဝင်းအောင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်မိုးမိုးထွေးနှင့် ကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းစည်းရုံးရေးမှူး ဦးလှမိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ပေးအပ်လှူဒါန်း

ရွှေပြည်သစ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာနမှလှူဒါန်းသော သုတ၊ ရသစာအုပ် ၅၀၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရွာငံမြို့နယ်ရုံးမှ မဂ္ဂဇင်း ၃၀နှင့် ကျေးရွာအလှူရှင်များက စာအုပ် ၈၆အုပ်နှင့် ကျေးရွာဥက္ကဋ္ဌက အလှူငွေကျပ် ၃၀၀၀ဝ ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်တာဝန်ခံ ဒေါ်နှင်းခိုင်က လက်ခံရယူသည်။

ဆက်လက်၍ ရွာငံမြို့နယ်အတွင်းရှိ မြေခြားကျေးရွာတွင် လရောင်စာကြည့်တိုက်၊ ပဲယင်းတောင်ကျေးရွာတွင် ပညာ့မိတ်ဆွေ စာကြည့်တိုက်၊ ပွေးပြတ် ကျေးရွာတွင် နွေဦးမေ စာကြည့်တိုက်၊ တောင်ပိုက်ကွဲကျေးရွာတွင် နေခြည်စာကြည့်တိုက်၊ ပြေသာကျေးရွာတွင် ရတနာစာကြည့်တိုက်၊ ရေခြမ်းပြင်ကျေးရွာတွင် ပန်းတိုင် စာကြည့်တိုက်၊ ကျောက်ပိဇပ်ကျေးရွာတွင် ညီညွတ်ရေး စာကြည့်တိုက်၊ ကျောက်ပုံကျေးရွာတွင် တိုးတက်ရေး စာကြည့်တိုက်များကို ဧပြီလအတွင်းဖွင့်လှစ်နိုင်ခဲ့ကြောင်းနှင့် ၂၀၀၅ခုနှစ် ဧပြီလအထိ ရွာငံမြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ၄၁တိုက် ဖွင့်လှစ်ပြီးကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

စိုက်ပျိုးရေးစီမံကိန်း အကောင်အထည်ဖော်ရေး နွားထိုးကြီးမြို့နယ်တွင် တာဝန်ပေးအပ်

နွားထိုးကြီး မေ ၁၀

၂၀၀၅-၂၀၀၆ခုနှစ် စိုက်ပျိုးရေးစီမံကိန်း အကောင်အထည်ဖော်ရေး တာဝန်ပေးအပ်ပွဲအခမ်းအနားကို မေ ၄ ရက် နံနက်၁၀နာရီက နွားထိုးကြီးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဆွေက အမှာစကားပြောကြားပြီး စီမံကိန်း တာဝန်ပေးအပ်ပွဲနှင့် ပတ်သက်၍ မြို့နယ်စီမံကိန်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မူမူအေး၊ မြန်မာ့ဝါနှင့်ပိုးချည်လုပ်ငန်း မြို့နယ် မန်နေဂျာ ဒေါ်စန်းစန်းမြင့်၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးကျော်မောင်မောင်နှင့် မြို့နယ်ဆည်မြောင်းဦးစီးဌာနဦးစီးအရာရှိ ဦးမျိုးအောင်တို့က ရှင်းလင်းဆွေးနွေးကြသည်။

တာဝန်ပေးအပ်

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဆွေက ရှေ့တန်းစခန်းတာဝန်ခံ ခုနစ်ဦးအား စိုက်ပျိုးရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက် ရန် တာဝန်များပေးအပ်ကြောင်း သိရသည်။ **(ယာပုံ)** **(၂၁၃)**

ပဲကြိုးဖြတ်ဖွင့်လှစ်

မိုးညှင်းမြို့နယ် အုတ်ကျင်းရပ်ကွက် ကိုယ့်အားကိုယ်ကိုး ဉာဏ်ပြည့်ဖြိုးစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂၆ ရက်ကကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ဒင်၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဦးမာန်ပိုင်းနှင့် ရပ်ကွက်ဥက္ကဋ္ဌဦးဘအေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင် ပြန်/ဆက်)

ပေါင်းတည်မြို့ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့ ငွေနှင့်စာအုပ်များလှူဒါန်း

ပေါင်းတည် မေ ၁၂

ပေါင်းတည်မြို့တွင် စာကြည့်တိုက်ပေါင်း ၃၀ ကျော်ဖွင့်လှစ်ပြီးဖြစ်ရာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖြစ်သော ဟသ်ာကန်ရပ်ကွက် စာကြည့်တိုက်အတွက် စာအုပ်နှင့် အလှူငွေများပေးပို့ လှူဒါန်းလျက်ရှိရာ မေ ၃ ရက်က ရန်ကုန်မြို့ ကမာရွတ် မြကန်သာလမ်းမှ ဦးကိုကိုကြီး-ဒေါ်အေးကြည်မိသားစုက မိုးကုတ်ဝိပဿနာစာအုပ်ပေါင်း ၈၀ ကျော်၊ ဗိုလ်ချုပ်လမ်းမှ ကိုချိုလေး-ဒေါ်ခင်ခင်သန်းမိသားစုက ရွှေပါရမီ စာအုပ်အပါအဝင် စာအုပ်မျိုးစုံနှင့်ပေါင်းတည်မြို့ ဆည်မြောင်းဦးစီးဌာနက အလှူငွေကျပ် ၂၀၀၀၊ ကိုရဲညွန့်-မသီတာမိသားစုက မဂ္ဂဇင်း အပါအဝင် စာအုပ်မျိုးစုံ ၆၀ ကျော်၊ ရန်ကုန်မြို့ မဟာဗန္ဓုလလမ်းနေ ကိုနာသန်-မသန်းသန်းဦးတို့က ဘာသာရေးစာအုပ်များ လှူဒါန်းကြသည်။ **(၃၃၁)**

ခင်ဦးမြို့နယ်၌ မီးခြစ်ဆည် ရေအားလျှပ်စစ်စက်ရုံဖွင့်

ခင်ဦး မေ ၁၁

ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ကြာပို့ကျေးရွာ၌ မီးခြစ်ဆည်ရေအားလျှပ်စစ် စက်ရုံဖွင့်ပွဲ အခမ်းအနားကို မေ ၃ ရက် နံနက် ၉ နာရီက အဆိုပါမုခ်ဦးတွင် ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းနိုင်၊ ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ထို့နောက် မီးခြစ်ဆည်ရေအားလျှပ်စစ်စက်ရုံ မော်ကွန်းကမ္ပည်းကျောက်စာတိုင်ကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ အခမ်းအနားကို ကျင်းပရာ ခရိုင်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး စက်ရုံတည်ဆောက်ရေးတာဝန်ခံ ရွာကျောင်းဆရာတော် ဘဒ္ဒန္တဇနက(သာသနဓဇ ဓမ္မာစရိယ)က မီးခြစ်ဆည်ရေအားလျှပ်စစ်ဖြစ်ပေါ်ပုံကို ရှင်းလင်းမြွက်ကြားသည်။

ထို့နောက် အလှူငွေများပေးအပ်ရာ ရွှေဘိုစံတင်အောင်ကအလှူငွေကျပ် ငါးသောင်းနှင့် ဦးကျော်ရွှေက အလှူငွေကျပ် ၅၅၀၀၀ ပေးအပ်လှူဒါန်းကြသည်။

(မြို့နယ် ပြန်/ဆက်)

ကျိုင်းတုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့က နောင်ကုန်ကျေးရွာကွန်ကရစ်တံတားအားဖောက် လုပ်လျက်ရှိရာ ဧပြီ ၂၇ ရက် က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးခင်ကျော်နှင့် အင်ဂျင်နီယာမှူး ဦးဉာဏ်ထွန်းတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ပလက်ဝမြို့နယ်တွင် စာအုပ်များလှူဒါန်းပွဲအခမ်းအနားကျင်းပ

ပလက်ဝ ဧပြီ ၁၉

ချင်းပြည်နယ် ပလက်ဝမြို့တွင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှကြီးမှူးပြီး လူမှုရေးအသင်းအဖွဲ့များနှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ စာအုပ်များလှူဒါန်းပွဲ အခမ်းအနားကို ဧပြီ ၁၉ရက် နံနက်၉နာရီက ကီမိုခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဇေယျက စာအုပ်များလှူဒါန်းပွဲ ကျင်းပရခြင်းအကြောင်းရင်းကို ရှင်းလင်းပြောကြားပြီး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အလှူရှင်များကိုယ်စားပေးအပ်

ဆက်လက်၍ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် စေတနာရှင်အလှူရှင်များက လှူဒါန်းသော သုတ၊ ရသစာအုပ်များနှင့် မဂ္ဂဇင်း၊ ဂျာနယ်စုစုပေါင်း ၄၀၈အုပ်ကို အလှူရှင်များကိုယ်စား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဇေယျက ပေးအပ်ရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဦးကျော်ဦးက လက်ခံရယူကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မေ၇ရက်က ဖျာပုံမြို့အဝင် ဆိုင်းဘုတ်သန့်ရှင်းသာယာလှပရေး လုပ်ငန်းများနှင့် ပန်းခုံများသန့်ရှင်းရေးလုပ်ငန်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး (သန့်)ဦးဝင်းအောင်သူနှင့် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ကြရာ အမှုဆောင် အရာရှိ ဦးသက်ပိုင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးဇော်ထွန်းတို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးကြစဉ်။ (၁၅၈)

မြိုင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က စံပြလမ်းအကောင်အထည်ဖော်ရေး စီမံချက်အရ ကြံ့ခိုင်ရေးလမ်း ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းကို ဧပြီ ၁၀ရက်က အမှုဆောင်အရာရှိ ဦးအောင်မင်းကြိုင်နှင့် တာဝန်ခံ အင်ဂျင်နီယာဦးအောင်မြင့်သန်းတို့ ကွင်းဆင်း ကြီးကြပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

(၅၉)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ဂုဏ်ပြု မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြလေ့ကျင့်

ကလော မေ ၁၄

(၅၉)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် ကလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မြင့်၊ မြို့နယ်မီးသတ်တပ်ဖွဲ့ စခန်းတာဝန်ခံဦးထွန်းထွန်းတို့သည် မြို့မဈေးတာဝန်ခံဦးစိုးတင့်၊ ဈေးအရန် မီးသတ်တပ်ဖွဲ့ဝင်များ၊ သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအကျိုးတော်ဆောင်အဖွဲ့ဝင်များနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့်အတူ ဧပြီ၂၇ရက်က မြို့မဈေးအနီးပြည်ထောင်စု လမ်းမကြီးတွင် မီးဘေးကြိုတင် ကာကွယ်ရေးအတွက် လက်တွေ့သရုပ်ပြ လေ့ကျင့်မှုများ စုပေါင်းဆောင်ရွက်ကြသည်။ **(၄၀၈)**

ပေးအပ်

သုံးခွမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနက နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ဧပြီ ၂၅ရက်က သာသာမြိုင် ကျေးရွာတွင် ကျင်းပရာ ရန်ကုန်တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးတင်အောင်က တစ်ဦးချင်းအား နိုင်ငံသား ကတ်ပြားများ ပေးအပ်စဉ်။ (လဝက)

အိမ်မဲမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ကျင်းပသော ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကို မတ် ၂၄ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာကိုကိုမောင်က ကျန်းမာရေးဝန်ကြီးထံမှပေးပို့သော သဝဏ်လွှာကိုဖတ်ကြားတင်ပြစဉ်။ (မြို့နယ်ပြန်/ဆက်)

လမ်းပခုံးများ ညီညာကောင်းမွန်ရန် မြစ်ကြီးနားမြို့တွင်စုပေါင်းဆောင်ရွက်

မြစ်ကြီးနား မေ ၅

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြစ်ကြီးနားမြို့တွင်း လမ်းများ ကောင်းမွန်စေရေးအတွက် စီမံချက်ချ၍ပြင်ဆင်ဆောင်ရွက်လျက်ရှိရာ ဧပြီ ၁၀ရက်က မင်းရပ် ရပ်ကွက်ရှိ ဝိုင်းမော်ကူးတို့ဆိပ်သွား ကတ္တရာလမ်းဘေးဝဲယာတစ်လျှောက် လမ်းပခုံးများ ညီညာကောင်းမွန်စေရေးအတွက် စည်ပင်သာယာရေးအဖွဲ့ပိုင်မြေတူးစက်ဖြင့်တူးဖော် ဖယ်ရှားရှင်းလင်းပြီး ကတ္တရာလမ်း၊ စကြံအကြားလမ်းပခုံးနှင့် လမ်းများကောင်းမွန်ရန်အတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ (၃)ဦးဝင်းစိုးဦးနှင့် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများစုပေါင်းဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအေးဆွေက လုပ်ငန်းများစနစ်တကျ ဆောင်ရွက်ရန်အတွက် ကွင်းဆင်းကြီးကြပ်ပေးကြောင်းသိရသည်။ **(မြို့နယ် စည်ပင်)**

မွန်ပြည်နယ်ကျိုက်ထိုမြို့ ဆိပ်ဖူးတောင်ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ မေ ၉ရက်က ရပ်ရွာပဒေသာပညာရွာဌာန အိမ်တွင်းမှုသင်တန်းဖွင့်ပွဲတွင် မြို့နယ်ပညာရေးမှူးဆရာကြီးဦးစိုးမြင့်က သင်တန်းဖွင့်အမှာစကားပြောကြားစဉ်။ (က-ပ)

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန

(အောက်မြန်မာပြည်)

ရန်ကုန်အဝေးသင်တက္ကသိုလ်

e- Education Learning Centre

သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

၂၃-၅-၂၀၀၅ (တနင်္လာနေ့)

- ❑ Key Function of Management
  - ဘီအီးဒီ(ဒုတိယနှစ် စာပေးစာယူ ကျောင်းသား၊ ကျောင်းသူများ)
- ❑ The Home
  - ဘီအီးဒီ(ပထမနှစ် စာပေးစာယူ ကျောင်းသား၊ ကျောင်းသူများ)

၂၄-၅-၂၀၀၅ (အင်္ဂါနေ့)

- ❑ Linear Transformation
  - တတိယနှစ် သင်္ချာအထူးပြု
- ❑ The Shell Model
  - တတိယနှစ် ရူပဗေဒအထူးပြု

၂၅-၅-၂၀၀၅ (ဗုဒ္ဓဟူးနေ့)

- ❑ Homeostasis
  - ပထမနှစ် သတ္တဗေဒ အထူးပြုများ
- ❑ Aquatic Biome
  - ဒုတိယနှစ် သတ္တဗေဒ အထူးပြုများ

၂၆-၅-၂၀၀၅ (ကြာသပတေးနေ့)

- ❑ Mitosis and Meiosis
  - ပထမနှစ် သတ္တဗေဒ အထူးပြုကျောင်းသား၊ ကျောင်းသူများ
- ❑ Respiration
  - ပထမနှစ် သတ္တဗေဒ အထူးပြုကျောင်းသား၊ ကျောင်းသူများ

၂၇-၅-၂၀၀၅ (သောကြာနေ့)

- ❑ Pali Alphabet
  - ပထမနှစ် အရှေ့တိုင်းပညာ၊ မြန်မာစာ၊ အင်္ဂလိပ်စာ၊ ဒဿနိကဗေဒ အထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ နောင်ရိုးတိုက်ပွဲ
  - ပထမနှစ် မြန်မာစာအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Works of Art and Philosophy of Art
  - နောက်ဆုံးနှစ် ဒဿနိကဗေဒ အထူးပြုနှင့် ဒုတိယနှစ် မြန်မာစာအထူးပြု ကျောင်းသား၊ ကျောင်းသူများ

နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ

၂၈-၅-၂၀၀၅ (စနေနေ့)

- ❑ အဝေးသင်တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများအတွက် သင်ခန်းစာများ

၂၉-၅-၂၀၀၅ (တနင်္ဂနွေနေ့)

- ❑ အဝေးသင်တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများအတွက် သင်ခန်းစာများ

မြန်မာ့အသံ

၂၀-၅-၂၀၀၅(သောကြာနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ အာဋ္ဌာနာဋိယသုတ်)

နေ့လယ်ပိုင်း

၁၁း၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (နိုင်ငံတကာစက်ရုံ၊ အလုပ်ရုံများ၏ လုပ်ငန်းခွင်သဘာဝအကြောင်း)

၁၂း၀၀ သုတအဖြာဖြာတိုင်းရင်းဆေးပညာ (ဆေးဖက်ဝင် ဟင်းနုနွယ်ပင်)

၁၂း၃၀ ဓာတ်လမ်းပမာနားဆင်စရာ (မျိုးဆက်သစ်၏ မျိုးချစ်ပုံရိပ်)

ညနေပိုင်း

၁၆း၃၀ ဆွေးနွေးခန်း (နီးဘုရားထူးခြားစွာ ပူဇော်မှုအကြောင်း)

၁၇း၃၀ ရေဒီယိုမဂ္ဂဇင်း (၁)ရတနာအစစ်ဖြစ်ကြပါစေ (ခေါင်းကြီး) (၂)တကယ့်ရတနာ (ဆောင်းပါးသရုပ်ဖော်)

၁၇း၅၀ နိုင်ငံတကာ စီးပွားရေး သတင်းပဒေသာ

၁၈း၄၀ သိပ္ပံပညာသိကောင်းစရာ (ရှေ့လာမည့်နှစ် ၅၀ အကြောင်း ပထမပိုင်း-မောင်ဆုရှင်)

ရခိုင်ပြည်နယ် မင်းပြားမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယဦးစီးမှူး (အခွန်)ဦးမောင်တင်အောင်နှင့် ဝန်ထမ်းများ မေ ၂၀ရက်က မြို့တွင်းအနေးယာဉ် ဆိုက်ကားများ စည်းကမ်းတကျသွားလာမောင်းနှင်ရေး အတွက် ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

ထီးလင်း၌ ဗုဒ္ဓပူဇနိယပွဲကျင်းပ

ထီးလင်း မေ ၂

မကွေးတိုင်း ထီးလင်းမြို့နယ် ဝါးဘိုးချောင်ရွာ စေတုဗုဒ္ဓမဟာအတုလ စေတီတော်၏ ဗုဒ္ဓပူဇနိယပွဲတော်ကို ဝါးဘိုးချောင်ရွာကျောင်း ဆရာတော် ဘဒ္ဒန္တ သေဋ္ဌိလမှ ဦးဆောင်၍ မေ ၅ရက်မှ ၉ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အဆိုပါ ပွဲတော်တွင် ဗုဒ္ဓဆင်တုတော်များ အပူဇော်ခံ လှည့်လည်၍ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ကြပြီး သံဃာ့ဒါနဆွမ်းလောင်းလှူပွဲကျင်းပရာ ကြွရောက်တော်မူလာကြသောသံဃာတော်များအား ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကာ တရားတော်များနာယူကြပြီး လှူဒါန်းမှုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ (၂၇၃)

အင်းစိန်မြို့ ကမ်းနားအလယ်ရပ်ကွက် အောင်ဇေယျ အိမ်ရာနေ ကွယ်လွန်သူ မောင်အောင်ကျော်မိုးအားရည်စူး၍ ကျန်ရစ်သူမိသားစုက အင်းစိန်မြို့ ကွက်သစ်ရပ်ကွက် မာလာရာမဘုန်းတော်ကြီးကျောင်းဝင်းရှိ စိန်ရတနာ နာရေးကူညီမှုအသင်းသို့ အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာအသင်း နာယက ဦးစစ်သိန်းနှင့် အလုပ်အမှုဆောင် ဦးမြတ်ဆွေနှင့် ဦးလှသိန်းတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

မွေးနေ့ဆုမွန်

ဖေဖေ သမားတော်ကြီး **ဦးမြင့်ဟန်** ၏ ၁၉-၅-၂၀၀၅ရက်တွင် ကျရောက် သည့် (၇၅)နှစ်ပြည့် စိန်ရတုမွေးနေ့မှသည် ပတ္တမြားရတုသို့ တက်လှမ်း ကျော်လွန်၍ အသက် (၁၂၀)တိုင် ခုနစ်ရက် သားသမီးများ၏ ကျန်းမာရေးကို ကယ်တင်ကုသပေးနိုင်ကာ သာသနာတော် အကျိုးဆတက်ထမ်းပိုး တိုးတက်ဆောင်ရွက်နိုင်ပါစေဟု ဆန္ဒပြုကာ ဆုမွန်ခြွေအပ်ပါသည်။

သားသမီး၊ မြေး၊မြစ်များ
သပြေဆေးတိုက်မိသားစု၊
စမ်းချောင်းမြို့နယ်။

BM 401 ဘတ်(စ်)ကားများ ရောင်းရန်ရှိသည်

၇က/၆ ထောင်ကျော် ရှေ့နောက် TE FE-6 180 အင်ဂျင်
၄က/၃ ထောင်ကျော် ရှေ့နောက် နီဆန်း ၁၀ တန် FE-6 185 (အင်ဂျင်-သဘော်ချ)
၈/၅ ထောင်ကျော် ရှေ့နောက် အီစူဇူး ၆ တန် HO.7°C (ဘော်ဒီအသစ်)

ဆက်သွယ်ရန်-ဖုန်း-၇၂၅၂၄၁၊ ၆၃၆၅၉၁၊ ၀၉-၈၀ ၃၃၅၄၂။

EXCELLENT ELECTRICAL ENGINEERING GROUP

* ရေခဲသေတ္တာ၊ လေအေးစက်၊ ကားလေအေးစက်မှစ၍ အအေးခန်းစနစ်များအတွက် ကျွမ်းကျင်သူအဖြစ် သင်တန်း၊
* ၂၀-၅-၂၀၀၅ ရက်ဖွင့်မည်။

အမှတ် ၈၉ မြေညီထပ်၊ ရေကျော်လမ်းမကြီး၊
ပုဇွန်တောင်မြို့နယ်။
ဖုန်း- ၂၉၈၀၅၈ YMBA အနီး။

အမည်ပြောင်း

အထက(၃)မင်္ဂလာတောင်ညွန့်၊ နဝမတန်း(င)မှ မရေသောင်းအား မယော့တောင်းဟု ပြောင်းလဲခေါ်ပါရန်။ သူမ၏ မွေးနေ့သက္ကရာဇ် အမှန်မှာ ၅-၁၁-၁၉၈၆ဖြစ်ပြီး မိဘအမည်မှန်မှာ ဦးညီကပ်- ဒေါ်အက်ဟော ဖြစ်ပါကြောင်း။

မယော့တောင်း။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

[တရားမကျင့်ထုံး ကိုခဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀ (၁)]
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး နယ်တရားမရုံး၌
၂၀၀၅ခုနှစ် တရားမကြီးမှု

ဒေါ်ကြည်ဝင်း (အခွင့်ရကိုယ်စားလှယ် ဒေါ်ဖြိုးလှမြင့်) **နှင့်** ဦးစံရွှေ အမှတ်(၃၁)ကုဋ္ဌာသယလမ်း၊ ကျားကွက်သစ်စံပြရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

တရာလို **တရားခံ**

(ယခုနေရပ်လိပ်စာမသိ)ဦးစံရွှေ သိစေရမည်။

တရားလိုက သင့်အပေါ်၌ အိမ်နှင့်မြေမှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၅ခုနှစ် မေလ ၃၁ရက် (၁၃၆၇ခုနှစ်၊ ကဆုန်လဆုတ် ၉ရက်)နေ့မွန်းမတည့်မီ ၁၀း၀၀နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၅ ခုနှစ် မေလ ၁၆ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဦးအယ်လ်တိန်းဘောမ်(တ/၁၇၉၅)
ဒုတိယခရိုင်တရားသူကြီး(၈)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး ၂၀၀၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၁၄

၁။ ဦးအီစမာအင် အမှတ်-၉/က၊ အောင်တေဇလမ်း ဗျိုင်းရေအိုးစင်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
၂။ ဒေါ်ချို အမှတ်-၉/ခ၊ အောင်တေဇလမ်း၊ ဗျိုင်းရေအိုးစင်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

နှင့်

၁။ အရှာဘီ(ခ) မခင်ကြည်
၂။ မောင်တင်ရွှေ
၃။ မောင်တင်မြ
၄။ မစန်းစန်းဝင်း
၅။ မသန်းသန်းဝင်း
(**အတူနေ**)
အမှတ်-၁၃၊ အောင်တေဇလမ်း၊ ဗျိုင်းရေအိုးစင်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

(ယခုနေရပ်လိပ်စာမသိသူများ)

အထက်တွင် ဖော်ပြထားသော တရားပြိုင်များဖြစ်သည့် အရှာဘီ(ခ) မခင်ကြည်၊ မောင်တင်ရွှေ၊ မောင်တင်မြ၊ မစန်းစန်းဝင်း၊ မသန်းသန်းဝင်း (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ ဦးအီစမာအင်ပါ(၂)က မြေနှင့် အိမ် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ (သို့တည်းမဟုတ်)၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံး အခွင့်အမိန့်အရရှေ့နေနှင့်ဖြစ်စေ၊ (သို့တည်းမဟုတ်) ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့် ပါစေ၍ ဖြစ်စေ၊ ၂၀၀၅ခုနှစ် မေလ ၃၀ရက် (၁၃၆၇ခုနှစ်၊ ကဆုန်လဆုတ် ၈ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်ကအမည် ရေးသားပါရှိသူ တရားလိုများစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက် ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာ၊ မရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့်များနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ (သို့တည်းမဟုတ်) သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၅ခုနှစ် မေလ ၁၃ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုးထုတ် ပေးလိုက်သည်။

ဒေါ်စုစုဝင်း(တ/၁၉၃၄) ဒုတိယခရိုင်တရားသူကြီး(၆)၊
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုခဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁နှင့် ၅)
ရန်ကုန်မြောက်ပိုင်းခရိုင် နယ်တရားမရုံး၌
၂၀၀၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၅

ဦးသိန်းအုန်း **နှင့်** ၁။ ဦးခင်ညို ၂။ ဒေါ်အီချယ်(ခ)ဒေါ်နန်းချယ်ရီ ၃။ ဦးကျော်မြင့်နိုင် ၄။ ဒေါ်စိုးစိုးသိန်း

တရားလို **တရားပြိုင်**

တရားပြိုင်ဦးခင်ညို(ယခင်နေရပ်လိပ်စာ)အမှတ် ၉၅၁၊ ဂျီ၊ကုန်းမြင့်သာယာလမ်း၊ ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်မြို့သိစေရမည်။ သင့်အပေါ်၌ တရားလို ဦးသိန်းအုန်းက ကတိပဋိညာဉ်စာချုပ်အတိုင်း ဆောင်ရွက်ပေးစေလိုမှုနှင့် လက်ရောက်ရလိုမှု ရလိုကြောင်းနှင့် လျှောက်ထား စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၀၅ခုနှစ် မေလ ၃၁ရက် (၁၃၆၇ခုနှစ် ကဆုန်လဆုတ် ၉ ရက်)နေ့ မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၀၅ခုနှစ် မေလ ၁၃ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အေးအေးသိန်း
ဒုတိယခရိုင်တရားသူကြီး(၁)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး။

အမည်ပြောင်း

အ-လ-က(၂)တာမွေ အဋ္ဌမတန်းမှ ဦးအောင်မြင့်သန်း၏သား မောင်သောနောင်အား မောင်အောင်ကောင်းသော်ဟု အမည်ပြောင်းလဲခေါ်ပါရန်။

မောင်အောင်ကောင်းသော်။

အမည်ပြောင်း

အလက(၂)တာမွေအဋ္ဌမတန်းမှ ဦးအောင်မြင့်သန်း၏သား မောင်ရောနောင်အား မောင်အောင်ကောင်းဇော်ဟု အမည်ပြောင်းလဲ ခေါ်ပါရန်။ **မောင်အောင်ကောင်းဇော်။**

အမည်ဖြည့်စွက်ခြင်း

ဦးစူနာမီယာ၏သား ဦးအာဘူတွာဟဲရ် ၁၀/ကမရ(နိုင်)၀၆၅၈၇၃ အား ဦးအာဘူတွာဟဲရ် (ခ) ဦးတင်စိုးဟု ဖြည့်စွက်ခေါ်ပါရန်။

ဦးအာဘူတွာဟဲရ် (ခ)ဦးတင်စိုး။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ဒ/၁၄၁၉ ယာဉ် လက်ဝယ်ရှိသူက မော်တော်ယာဉ်(ကမ-၃) မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ၁၅ ရက်အတွင်း ကညန၊ပြည်နယ်ရုံး(ကျိုင်းတုံ)သို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ ပြည်နယ်ရုံး (ကျိုင်းတုံ)။

အမည်ပြောင်း

ပဲခူးတိုင်း မင်းလှမြို့ လမ်းမတော်လမ်းနေ ဦးကျော်မိုး ၇/မလန(နိုင်)၀၆၃၃၃၂၏သား မောင်အားကွေ့ (ခေါ်) မောင်အောင်မြတ်မိုးအား မောင်အောင်သီဟဟု ပြောင်းလဲခေါ်ပါရန်။ **မောင်အောင်သီဟ။**

အမည်ပြောင်း

အဖ ဦးမြင့်ဇင်၏သား စတုတ္ထတန်း(ခ)တွင် ပညာသင်ကြားနေသော မောင်ဝေဇင်ဦးအား မောင်မင်းသူခန့်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်မင်းသူခန့်။

အများသိစေရန် ကြေညာချက်

ခင်ပွန်းဖြစ်သူ မောင်ဇော်လတ် မှတ်ပုံတင်အမှတ် ၁၂/လမန (နိုင်) ၀၀၄၅၃၂သည်ကျွန်မအား ကိုယ်စိတ်နှစ်ပါးဆင်းရဲအောင်အမျိုးမျိုးပြုလုပ်ခြင်း၊ ခွင့်မလွှတ်နိုင်သောအိမ်ထောင်ရေး ပြစ်မှုကျူးလွန်ခြင်း၊ ပြင်ပတွင် ငွေကြေးကိစ္စ အရှုပ်အရှင်းများ ပြုလုပ်ခဲ့ပြီးနေအိမ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ ကျွန်မနှင့် လုံးဝမပတ်သက်တော့ကြောင်း ကြေညာအပ်ပါသည်။

မနန်းသီသီစိုး
၁၂/လမန (နိုင်) ၁၂၄၂၀၅
အမှတ် (၃၄)၊ လမ်း(၆၀)
(၇)ရပ်ကွက်၊ လှိုင်မြို့နယ်။

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးနှင့် ထူးချွန်ဆု ချီးမြှင့်ပွဲကျင်းပ တိုင်းမှူး ပိုလ်ချုပ်မြင့်ဆွေ တက်ရောက်ဆုချီးမြှင့်

ရန်ကုန် မေ ၁၈

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးနှင့် ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၇နာရီတွင် ရန်ကုန်မြို့ ဘဏ်လမ်းရှိ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ပိုလ်ချုပ်မြင့်ဆွေ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး၊ စစ်ဒေသမှူးများ၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ ✡

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ နှစ်ပတ်လည်အစည်းအဝေးနှင့် ထူးချွန်ဆုချီးမြှင့်ပွဲတွင် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ထူးချွန်ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (ရန်ကုန်တိုင်း)

မြန်မာ-ကိုရီးယားသမ္မတနိုင်ငံ သံတမန်ဆက်သွယ်မှု နှစ်(၃၀)ပြည့် သဝဏ်လွှာများ အပြန်အလှန်ပေးပို့

သတင်းထုတ်ပြန်ချက်

၂၀၀၅ခုနှစ် မေလ ၁၉ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ကိုရီးယားသမ္မတနိုင်ငံတို့၏ သံတမန်ဆက်သွယ်မှု နှစ်(၃၀)ပြည့်မြောက်သည့် နှစ်ပတ်လည်အခါသမယတွင် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများအကြား အောက်ဖော်ပြပါ သဝဏ်လွှာများကို အပြန်အလှန်ပေးပို့ခဲ့ကြပါသည်။

ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှု ကိုရီးယားသမ္မတနိုင်ငံနှင့်အတူ လက်တွဲဆောင်ရွက်မည်

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ကိုရီးယားသမ္မတနိုင်ငံတို့အကြား သံတမန်ဆက်သွယ်မှု နှစ်(၃၀) ပြည့်မြောက်သည့် အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဘန်ကီမွန်းထံသို့ ပေးပို့သည့် သဝဏ်လွှာ-

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ကိုရီးယားသမ္မတနိုင်ငံတို့အကြား သံတမန်ဆက်သွယ်မှု နှစ်(၃၀)ပြည့်မြောက်သည့် နှစ်ပတ်လည်အခါသမယတွင် အဆွေတော်ထံသို့ နှုတ်ခွန်းဆက်သလျက် ဆုမွန်ကောင်းပို့သအပ်ပါသည်။

နှစ်နိုင်ငံခေါင်းဆောင်ကြီးများ ကြိုးပမ်းအားထုတ်မှုများ၏ ရလဒ်ကြောင့် အနှစ်(၃၀)ကာလအတွင်း မြန်မာနှင့် ကိုရီးယားနိုင်ငံအကြား ခိုင်မြဲစွာတည်ရှိပြီးဖြစ်သည့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့သည် ပိုမိုတိုးတက်ခိုင်မာမှုရှိခဲ့သည်ကို ကျွန်ုပ်အနေဖြင့် ကျေနပ်အားရစွာ သတိပြုမိပါသည်။

စာမျက်နှာ ၈ ကော်လံ ၁ ❐

ကိုရီးယား-မြန်မာဆက်ဆံရေးမူဘောင်များအောက်မှ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတွင် ပါဝင်ဆောင်ရွက်မည်

ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဘန်ကီမွန်းထံမှ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံသို့ ပေးပို့သည့် သဝဏ်လွှာ-

နှစ်နိုင်ငံ သံတမန်ဆက်သွယ်မှု နှစ်(၃၀)ပြည့်မြောက်သည့် မင်္ဂလာရှိသည့် နှစ်ပတ်လည်အခါသမယတွင် ကိုရီးယားသမ္မတနိုင်ငံအစိုးရနှင့် ပြည်သူများကိုယ်စား ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်သူများထံ လှိုက်လှဲချစ်ကြည်စွာ နှုတ်ခွန်းဆက်သလိုက်ပါသည်။

ကိုရီးယားသမ္မတနိုင်ငံနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတို့သည် ပြည်ပမှ ယဉ်ကျေးမှု လွှမ်းမိုးလာခြင်းအပေါ် စိစစ်ကန့်သတ်လက်ခံခဲ့သည့်နည်းတူ အခြေခိုင်ပြီးဖြစ်သည့် ရိုးရာယဉ်ကျေးမှုများအရ ထူးခြားသည့် ကိုယ်ပိုင်ယဉ်ကျေးမှုဓလေ့များကို ထိန်းသိမ်းရာတွင် အောင်မြင်မှုရရှိခဲ့သည့် တူညီသောအချက်များရှိခဲ့ပါသည်။ သံတမန်ဆက်သွယ်မှု စတင်ခဲ့သည့် ၁၉၇၅ ခုနှစ်မှစတင်၍ နှစ်နိုင်ငံအကြား နားလည်မှု ပိုမိုရှိစေရန် အလေးထားကြိုးပမ်းခဲ့ကြပါသည်။

စာမျက်နှာ ၈ ကော်လံ ၄ ■



ပဏာမမြန်မာ့လက်ရွေးစင် ဘီလီယက်အားကစားသမား အောင်ဆန်းဦး(မြို့တော်စည်ပင်) ဤသို့လေ့ကျင့်လျက်ရှိသည်။
ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး(မြန်မာ့အလင်း)

(၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အောင်ပွဲဆင်နိုင်ရေး ဘီလီယက်နှင့်စနူကာအဖွဲ့ ကြိုတင်လေ့ကျင့်

ရန်ကုန် မေ ၁၈

မြန်မာနိုင်ငံ ဘီလီယက်နှင့် စနူကာအဖွဲ့ချုပ်သည် (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိနိုင်ရန် ကြိုတင်လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။

မြန်မာနိုင်ငံ ဘီလီယက်နှင့် စနူကာအဖွဲ့ချုပ်သည် ၂၀၀၅ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ ပဏာမလက်ရွေးစင် ဘီလီယက်အားကစားသမားငါးဦးနှင့် စနူကာအားကစားသမားသုံးဦးကို ရွေးချယ်လေ့ကျင့်ပေးလျက်ရှိသည်။

အစွမ်းကုန်လေ့ကျင့်

စနူကာနည်းပြအဖြစ် မြန်မာနိုင်ငံ ဘီလီယက်နှင့် စနူကာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းမြင့်မြတ်က လည်းကောင်း၊ ဘီလီယက်နည်းပြအဖြစ်အမှုဆောင် ဒေါက်တာမင်းနိုင်ကလည်းကောင်း

စာမျက်နှာ ၁၃ ကော်လံ ၄ ●

မြန်မာ့အလင်း ခေါင်းကြီးဆောင်းပါး အညွှန်း

❐ **နိုင်ငံတော်၏ စီးပွားရေးအခြေအနေသည် တစ်နှစ်ထက်တစ်နှစ် တိုးတက် မြင့်မားလျက်ရှိသည်။ ပြည်နယ်နှင့်တိုင်းအားလုံးသည် တစ်ချိန်တည်း၊ တစ်ပြိုင်တည်းတွင် အတူယှဉ်တွဲလျက် ဖွံ့ဖြိုးတိုးတက်လာနေပြီဖြစ်သည်။ ငြိမ်းချမ်းမှု၊ တည်ငြိမ်မှု၊ ပူးပေါင်းဆောင်ရွက်မှု၊ ဖွံ့ဖြိုးတိုးတက်မှုများသည် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအနှံ့ပေါ်ထွန်းလျက်ရှိ။**

ခေါင်းကြီး (စာ-၂)

❐ **ဘန်ဒေါင်းညီလာခံက ချမှတ်လိုက်သော နိုင်ငံတကာဆက်ဆံရေးမူကြီး ၁၀ ချက်ကို ကမ္ဘာ့အုပ်စုဝင်နိုင်ငံကြီးများသည် ငြင်းပယ်နိုင်အားမရှိ၊ အသိအမှတ်ပြုလက်ခံရသည်အထိ ထိရောက်အောင်မြင်ခဲ့။**

ဦးဇော်၏ဆောင်းပါး (စာ-၁၀၊၁၁)